# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်၊ ၂၀၀၉ ခုနှစ်၊ ဧပြီ ၂၈ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၈)၊ အမှတ်(၂၀၅)


**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး





နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မိုင်းခတ်မြို့ မြို့နယ်ခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

# ဒီမိုကရေစီအသွင်ကူးပြောင်းရေး မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ တစိုက်မတ်မတ် ဆောင်ရွက်နေ

## တိုင်းရင်းသားပြည်သူများ အတည်ပြုပြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ၂၀၁၀ပြည့်နှစ်တွင် ကျင်းပမည့် ရွေးကောက်ပွဲအောင်မြင်ရေး ပြည်သူများက တာဝန်တစ်ရပ်အဖြစ်ခံယူ

## နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်

နေပြည်တော် ဧပြီ ၂၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဧပြီ ၂၅ရက် နံနက်ပိုင်းတွင် ကျိုင်းတုံလေဆိပ် လေယာဉ်ပြေးလမ်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီးနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာကြရာ နံနက် ၉နာရီ ၄၅မိနစ်တွင် ကျိုင်းတုံခရိုင် မိုင်းယန်းမြို့သို့ ရောက်ရှိသည်။

စာမျက်နှာ ၈ ကော်လံ ၁ *



**ရင်းရင်းနှီးနှီး နှုတ်ဆက်**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မက်မန်းမြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

**နယ်မြေဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံ အကျဆုံးဖြစ်သည့် လမ်းပန်း ဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးတို့ကို ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ယခင်ကနှင့်မတူ သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာ။**

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဧပြီ ၂၈ ရက်)

# သားစဉ်မြေးဆက်တိုင်အကျိုးခံစားနိုင်ရေး တည်ဆောက်ပြီးတမံနှင့် ရေထိန်းတံခါးများ ထိန်းသိမ်းစောင့်ရှောက်

ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် ကဒပွနကျေးရွာအနီး၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)က တည်ဆောက်ခဲ့သော ကဒပွန ရေထိန်းတံခါးကို ဧပြီလ ၂၅ရက်နေ့က ဖွင့်လှစ်ခဲ့သည်။

ရန်ကုန်တိုင်းအတွင်း၌ရှိသော သုံးခွမြို့နယ်နှင့် ကျောက်တန်းမြို့နယ်များတွင်ရှိသည့် ရေကြီး ရေလွှမ်းကွင်းများမှ မိုးရာသီ ရေပိုရေလျှံများကို ကဒပွနချောင်းအတွင်း ဒီရေကျချိန်တိုင်း၌ ရေတံခါးမှတစ်ဆင့် ထုတ်ပေးနိုင်မည်ဖြစ်ပြီး ဒီရေတက်ချိန်၌ ပင်လယ်ဆားငန်ရေများ ကုန်းတွင်းသို့ ဝင်ရောက်မှုမရှိစေရန် တားဆီးပေးနိုင်မည်ဖြစ်သည်။

ကဒပွနရေထိန်းတံခါးမျိုး ရန်ကုန်တိုင်းအတွင်း စုစုပေါင်း ၁၁၅ခု တည်ဆောက်ထားပြီး ရေထိန်းတံခါး ၁၄ခုသည် စိုက်ပျိုးရေးအတွက် အသုံးပြုနိုင်၍ ကျန်ရေထိန်းတံခါးများသည် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရေငန်တားဆီးရေးနှင့် ရေချိုရေထိန်းသိမ်းရေးတို့အတွက် ဖြစ်သည်။

ယခုကဲ့သို့ ရေထိန်းတံခါးများ၊ ရေလှောင်တမံများ၊ မြစ်ရေတင်စီမံကိန်းများကြောင့် ရန်ကုန်တိုင်းအတွင်း ရေချိုရရှိခြင်း၊ စိုက်ပျိုးမြေကို နွေ၊ မိုး၊ ဆောင်း စိုက်ပျိုးနိုင်ခြင်း၊ ရေငန်ဝင်ခြင်းမှ တားဆီးနိုင်ခြင်းနှင့် ရန်ကုန်မြို့မှ မိုင် ၃၀ စိမ်းလန်းစိုပြည်ရေးကိုပါ အထောက်အကူပြုနိုင်မည် ဖြစ်သည်။

ကဒပွနရေထိန်းတံခါးကြောင့် မိုးနှောင်းကာလတွင် ရေချိုများသိုလှောင်ထိန်းသိမ်းထားပြီး မိုးစပါး အောင်ရေပေးဝေကာ ဆောင်းသီးနှံများ အတွက်လည်း အစိုဓာတ်ထိန်းသိမ်းပေးနိုင်မည် ဖြစ်သည်။ နွေရာသီတွင် ပင်လယ်ဆားငန်ရေနှင့် သဲနုန်းများဝင်ရောက်ခြင်းမှ ကာကွယ်ပေးခြင်းဖြင့် လယ်မြေများ အငန်ဓာတ်ပေါက်ခြင်းနှင့် ချောင်းများတိမ်ကောမှုကို ကာကွယ်တားဆီးပေးသွားနိုင်မည် ဖြစ်သည်။

ယင်းရေထိန်းတံခါးကြောင့် ကျောက်တန်းမြို့နယ်နှင့် သုံးခွမြို့နယ်အတွင်း လယ်မြေဧက ၁၅၀၀၀ အတွက် အကျိုးဖြစ်ထွန်းမည်ဖြစ်သည်။ ရေထိန်းတံခါးကြီးကို ၆ ပေ × ၁၆ ပေ ရေထိန်းတံခါးပေါက် ၂၇ ခုပါသည့် ကွန်ကရစ်ရေတံခါးကြီးအဖြစ် နိုင်ငံတော်က ငွေကျပ်သန်းပေါင်း ၂၅၈၀ ကျော် အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

တပ်မတော်အစိုးရက နိုင်ငံတော်တာဝန်ယူခဲ့သည့် အချိန်ကစ၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ဆည်တမံစီမံကိန်းလုပ်ငန်းပေါင်း ၂၂၁ ခုသည် နိုင်ငံနှင့်အဝန်း လယ်ယာမြေဧက ၂ သန်း ၈ သိန်းခန့်အတွက် စိုက်ပျိုးရေပေးဝေနိုင်ခဲ့ပြီ ဖြစ်သည်။

သို့ဖြစ်ပေရာ နိုင်ငံတော်မှ ငွေကြေးမြောက်မြားစွာ အကုန်အကျခံ တည်ဆောက်ပေးသော ရေလှောင်တမံများ၊ ရေထိန်းတံခါးများကို သားစဉ်မြေးဆက်တိုင် ရေရှည်အကျိုးခံစားနိုင်ရန် ဒေသခံတိုင်းရင်းသားပြည်သူများက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## မကွေးတိုင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၇

မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေသည် ဧပြီ ၁၉ရက် နံနက်ပိုင်းက မကွေး-တောင်တွင်းကြီးလမ်း တောင်ငူ ချောင်းတံတား မွမ်းမံပြီးစီးမှု၊ တောင်တွင်းကြီးမြို့နယ် ကုက္ကိုခွကျေးရွာ၌ တန်ဖိုးနည်း အိမ်ရာများ တည်ဆောက်နေမှု၊ ကွမ်းခြံစုကျေးရွာ၌ တောင်တွင်းကြီး ကန်တော်ကြီးကန် လက်ဝဲမြောင်းကို အုတ်စီမြောင်းအဖြစ် ဆောင်ရွက်ပြီးစီးမှုနှင့် နွေစပါးစိုက်ပျိုးပြီးစီးမှု၊ ခရိုင်ချင်းဆက်လမ်းအမှတ်(၁)၌ ကတ္တရာလမ်းခင်းနေမှု အခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေးသည်။

### ဖြည့်ဆည်းပေး

ထို့နောက် တိုင်းဥက္ကဋ္ဌသည် အောင်လံမြို့နယ် ပဒဲရေလှောင်တမံနှင့် ဘွက်ကြီး ရေလှောင်တမံအတွင်း ရေသိုလှောင်ထားရှိမှုနှင့် တမံကြွံခိုင်ကောင်းမွန်မှု အခြေအနေ များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား

၂၈-၄-၂၀၀၉ (အင်္ဂါနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၂၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၀ ၅။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄:၅၀ ၆။ မျိုးချစ်တပ်မတော်
၅:၁၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၅:၂၀ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၅၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၃။ လျှပ်တစ်ပြက်
၆:၃၅ ၁၄။ ကလေးတို့ကမ္ဘာပျော်ရွှင်စရာ
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကျွန်တော့်ချစ်သူ**(အပိုင်း-၂၇)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ မွေးမြူသုတ
၂၀။ ဟာသရုပ်စုံ
၂၁။ ဗွီစီဒီကျော်ကြားတေးများ
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားအလှသစ္စာတရား** (အပိုင်း-၄၈)



## စက်မှု(၁) ဝန်ကြီး ဦးအောင်သောင်း တောင်သာမြို့နယ် ကျေးရွာများမှ ဒေသခံပြည်သူများနှင့်တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၇

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဧပြီ ၂၄ ရက် နံနက် ၉ နာရီခွဲက တောင်သာမြို့နယ် ရုံးစည်ကြီး ကျေးရွာ တိုက်နယ်ဆေးရုံ တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ကျေးလက်ပြည်သူများနှင့် တွေ့ဆုံ၍ ကျန်းမာရေး စောင့်ရှောက်မှုကိစ္စရပ်များနှင့် ကျေးရွာလုံးကျွတ် အိမ်တိုင်းမီးလင်းနိုင်ရေးအတွက် လိုအပ်ချက်များကို ပံ့ပိုးကူညီ ဆောင်ရွက်ပေးသည်။

### မီးလင်းနိုင်ရေး

ထို့နောက် ဝန်ကြီးသည် ပန်းပေါင်းကျေးရွာ၌ ရေခါး၊ ညောင်ခြေထောက်၊ ထန်းပေါက်ကုန်း၊ ပေါက်ကန်၊ ပန်းပေါင်း၊ ချောင်းဝင်၊ အေးကျင်း၊ ထောက်ရှာကျင်း၊ ညောင်ကုန်းနှင့် မကြီးကုန်းကျေးရွာများမှ ပြည်သူများနှင့် တွေ့ဆုံ၍ ကျေးရွာများ မီးလင်းနိုင်ရေးအတွက် လိုအပ်သည်များ စီစဉ်ပေးပြီး ပန်းပေါင်းချောင်းမှ ရေအားလျှပ်စစ်ထုတ်လုပ်ရန် ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ဝန်ကြီးသည် ညနေပိုင်းတွင် ကျောက်ကာတောင်ကုန်းကျေးရွာ၌ ဒေသခံများနှင့် တွေ့ဆုံပြီး **(အပေါ်ပုံ)** ပုခက်ကျေးရွာ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲသို့ တက်ရောက်အားပေးသည်။

### ဓာတ်အားပေးစက်ရုံဖွင့်

ထို့နောက် ဝန်ကြီးသည် ရှောက်ပင်ကျေးရွာ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲသို့ တက်ရောက်ပြီး ပင်မစက်ခလုတ် ကို ဖွင့်လှစ်ပေးကာ မီးလင်းမှုအခြေအနေကို ကြည့်ရှုစစ်ဆေး၍ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ဝန်ကြီးသည် ဧပြီ ၂၅ရက် နံနက် ၇နာရီက မကြီးချိုကျေးရွာ၌ မကြီးချို၊ ဆည်တော၊ တမာကုန်း၊ ကိုးပင်စင်၊ ဆီဆုံကုန်း၊ နဘူးကျင်း၊ ကျောက်တလုံး၊ ကုန်းသာ၊ အရာတော်နှင့် ဆယ်ပြားကျေးရွာများမှ ဒေသခံများနှင့် တွေ့ဆုံပြီး မီးလင်းရေး၊ ပညာရေး၊ ရေကောင်းရေသန့်ရရှိရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကို ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အထက(၁) သဃ်န်းကျွန်း မြတ်ဆရာပူဇော်ပွဲအတွက် အလှူငွေများပေးအပ်ပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၂၇

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ၁၉၈၅ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူ ဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲအတွက် ပထမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀နာရီက အဆိုပါကျောင်း သပြေခန်းမဆောင်၌ ကျင်းပရာ ကျောင်းအုပ် ဆရာမကြီး ဒေါ်ဝင်းမြင့်၊ မြတ်ဆရာပူဇော်ပွဲ ကျင်းပရေးကော်မတီနာယက ဆရာကြီး ဦးကြည်ထွန်းတို့က အမှာစကား ပြောကြားသည်။

### လှူဒါန်း

ထို့နောက် မြတ်ဆရာပူဇော်ပွဲ ကျင်းပရေးအတွက် ကျောင်းသား ကျောင်းသူများမှ လှူဒါန်းသော စုစုပေါင်းငွေကျပ် ၆၈၆၅၀၀၀ကို တာဝန်ရှိသူများက အသီးသီးလက်ခံယူ ကြပြီး **(အောက်ပုံ)** မြတ်ဆရာပူဇော်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးစိုးအောင်(ငြိမ်း) က ကျေးဇူးတင်စကား ပြောကြားသည်။

### ဆက်သွယ်လှူဒါန်းနိုင်

အဆိုပါ မြတ်ဆရာပူဇော်ပွဲအတွက် ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲကို မေ ၂၈ရက် နံနက် ၁၀နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသော ကျောင်းသား ကျောင်းသူဟောင်းများ ဦးတင်ထွန်း ဖုန်း-၅၆၁၄၅၅၊ ၀၉-၅၁-၁၁၃၃၀၊ ဦးမိုးမြင့် ဖုန်း- ၀၉-၅၀-၅၀၅၃၃၊ ဦးဆန်းလင်း ဖုန်း-၀၉-၅၅-၀၀၁၀၁၊ ဦးသိန်းဒန် ဖုန်း-၀၉-၅၁- ၂၈၂၂၅၊ ဗိုလ်မှူးစိုးအောင်(ငြိမ်း) ဖုန်း-၅၆၄၃၀၁၊ ဦးအောင်ခိုင်မိုး ဖုန်း-၀၉-၅၀- ၃၃၃၀၄၊ ဦးကျော်ဆန်း ဖုန်း-၅၇၃၅၇၇၊ ဦးဝင်းဇော်ထွန်း ဖုန်း-၀၉-၅၁-၀၆၀၈၅၊ ဦးကျော်သူ ဖုန်း-၀၉-၈၀-၃၄၈၇၇၊ ဦးမျိုးဝင်းလှိုင် ဖုန်း-၀၉-၅၁-၂၀၄၁၀ တို့သို့ ဆက်သွယ်မေးမြန်း လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**







## အမှာစကား ပြောကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံ ပြည်သူများနှင့် ရပ်မိရပ်ဖများအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

❐ ကျောဖုံးမှ

### ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ခြံအတွင်း၌ ဇီဝဓာတ်ငွေ့ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်သုံးစွဲနေမှု၊ ဇီဝဓာတ်ငွေ့ကန်တွင် ပါဝင်သည့် အစာမွှေကန်၊ ဓာတ်ငွေ့ထုတ်ကန်၊ စွန့်ပစ်ကန်နှင့် နွားမွေးမြူရေးခြံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က ပေါင်းစည်းလယ်ယာလုပ်ငန်းသည် မိသားစုဝင်တိုင်း အလုပ်အကိုင်ရရှိနိုင်ပြီး အကျိုးအမြတ်ရရှိကာ စီးပွားရေးတိုးတက်နိုင်ကြောင်းကို ကျေးလက်ဒေသများတွင် လက်တွေ့ပြသရန်နှင့် ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်နိုင်ရေး ပံ့ပိုးကူညီဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နံနက်၁၀ နာရီ မိနစ် ၅၀ တွင် ရဟတ်ယာဉ်များဖြင့် ကျိုင်းတုံမြို့မှ ထွက်ခွာလာရာ နံနက် ၁၁ နာရီခွဲတွင် တာချီလိတ်ခရိုင် တာချီလိတ်မြို့သို့ ရောက်ရှိကြသည်။

### ကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား တာချီလိတ်တပ်နယ်မှ ဗိုလ်မှူးကြီး ခင်မောင်စိုး၊ တာချီလိတ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စွာထွန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တာချီလိတ်မြို့ နဂါးနှစ်ကောင် ကျောင်းတိုက်သို့ ရောက်ရှိပြီး ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မသီရိအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက်ရှိ သီလရှင်စာသင်တိုက်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြသည်။

### လွှဲပြောင်းပေးအပ်

ရှေးဦးစွာ သီလရှင်စာသင်တိုက်နှင့် စပ်လျဉ်းသော စာရွက်စာတမ်းများကို အလှူရှင်များကိုယ်စား တာချီလိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စွာထွန်းက တာချီလိတ်မြို့နယ် သာသနာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဗိုလ်ဆန်းထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက် ပဓာနနာယက ဆရာတော်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုးနှင့် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုတို့က သီလရှင်စာသင်တိုက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က သီလရှင်စာသင်တိုက်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး သီလရှင်စာသင်တိုက်အတွင်း လှည့်လည်ကြည့်ရှုသည်။

### တွေ့ဆုံ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံ ပြည်သူများနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ခရိုင်အတွင်း ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

### အရေးပါ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံရာတွင် မိမိနှင့်အတူ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းပေးရန်နှင့် မြို့နယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးရန်ဆိုသည့် ရည်ရွယ်ချက်ဖြင့် လာရောက်ခြင်းဖြစ်ကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသဖြင့် ဆက်ဆံရေး၊ လုံခြုံရေးနှင့် ကုန်သွယ်ရေးတို့တွင် အရေးပါသောဒေသဖြစ်ကြောင်း။

နယ်ချဲ့တို့၏သွေးခွဲအုပ်ချုပ်ခဲ့မှုကြောင့် တိုင်းရင်းသားအချင်းချင်း သံသယစိတ်များဝင်ကာ လက်နက်ကိုင် တိုက်ခိုက်ခဲ့ကြသဖြင့် ယခင်က တာချီလိတ်မြို့ပတ်ဝန်းကျင်မှာပင် လုံခြုံမှုမရှိခဲ့ကြောင်း။

တပ်မတော်အစိုးရ နိုင်ငံတာဝန် စတင်ယူချိန်မှစ၍ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခိုင်အမာ တည်ဆောက်ခဲ့သဖြင့် တာချီလိတ် အပါအဝင် ဒေသများတည်ငြိမ်အေးချမ်းလာ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံကိန်းများချမှတ်ပြီး ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အပါအဝင် ဒေသများ သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာနေပြီ ဖြစ်ကြောင်း။

### အဓိကအခန်းကဏ္ဍ

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးတို့သည် အဓိကအခန်းကဏ္ဍမှပါဝင်သဖြင့် နိုင်ငံတော်မှ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများကို စီမံချက်များချမှတ်ပြီး အလေးထား ဆောင်ရွက်ပေးခဲ့ကြောင်းတို့ကို ရှင်းလင်းပြောကြားပြီး ဝန်ထမ်းများသည် ဝန်ထမ်းကျင့်ဝတ်၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကျင့်ကြံနေထိုင်ရန်၊ ဆရာ ဆရာမများသည် တပည့်များကို ထူးချွန်ထက်မြက်သူများဖြစ်စေရေး သင်ကြားပေးရန်နှင့် မိမိကိုယ်တိုင်လည်း သင်ကြားပေးရသည့် ဘာသာရပ်များကို ကျွမ်းကျင်တတ်မြောက်စေရေး အမြဲလေ့လာနေရန်။

### သင်ကြားလေ့ကျင့်

ကျောင်းသားကျောင်းသူများအား အတတ်ပညာသင်ကြားပေးသည့်နည်းတူ စည်းကမ်းရှိသူ၊ အကျင့်စာရိတ္တ ကောင်းသူ၊ တရားဥပဒေများကို လေးစားလိုက်နာသူ၊ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်သူများဖြစ်ရေး ငယ်စဉ်ကပင် သင်ကြားလေ့ကျင့်ပေးရန်။

နိုင်ငံတော်၏ အမျိုးသားကျန်းမာရေးရည်မှန်းချက်နှင့်အညီ ပြည်သူများ အနာရောဂါကင်းစင်ပြီး အသက်ရှည်စွာ နေထိုင်နိုင်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများသည် ကျေးလက်များအထိ ကွင်းဆင်းပြီး ပြည်သူများအား ကျန်းမာရေးအသိပညာပေးခြင်း၊ ကာကွယ်ကုသနည်းများ သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်ရန်။

### ပူးပေါင်းဆောင်ရွက်

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို အုပ်ချုပ်ရေးတာဝန်ရှိသူများနှင့်အတူ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က တာချီလိတ်မြို့နယ်အတွက် အားကစားပစ္စည်းများကို ထောက်ပံ့ပေးအပ်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းမြင့်က လက်ခံသည်။

### ထောက်ပံ့ပေးအပ်

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုး၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းနှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်တို့က အဝတ်အထည်များနှင့် ဆေးဝါးပစ္စည်းများကို တာဝန်ရှိသူများအား ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တာချီလိတ်မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိရာ တာချီလိတ်ခရိုင် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမောင်မောင်မင်းသိန်း၊ ဆရာဝန်များ၊ သူနာပြုဆရာမများနှင့် ဝန်ထမ်းများက ကြိုဆိုကြသည်။

*စာမျက်နှာ ၉ ကော်လံ ၃*

## ရင်းရင်းနှီးနှီး နှုတ်ဆက်



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မိုင်းဖြတ်မြို့ ဘုရင့်နောင်ခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

**တပ်မတော်အစိုးရ နိုင်ငံတာဝန် စတင် ယူချိန်မှစ၍ တိုင်းရင်းသား စည်းလုံး ညီညွတ်ရေးကို အခိုင်အမာ တည်ဆောက်ခဲ့သဖြင့် တာချီလိတ် အပါ အဝင် ဒေသများ တည်ငြိမ် အေးချမ်း လာ၊ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို စီမံကိန်းများ ချမှတ်ပြီး ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ပေး ခဲ့၍ ရှမ်းပြည်နယ် (အရှေ့ပိုင်း) အပါ အဝင် ဒေသများ သိသိသာသာ ဖွံ့ဖြိုး တိုးတက်လာ။**



မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီး မြို့၌ ဝက်တုပ်ကွေးရောဂါ ပြန့်ပွားမှု တားဆီးကာကွယ်ရေးအတွက် ကျန်းမာရေးဌာနမှ ကာကွယ်ဆေးများ ဖြန့်ဝေပေးနေသည်ကို ဧပြီ ၂၆ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

# ဆိုမာလီယာကမ်းလွန်တွင် ပင်လယ်ဓားပြချေမှုန်းရေး နေတိုးတပ်ဖွဲ့ဝင်များ ရက်သက်တမ်းတိုးမြှင့် ချထားမည်

ဘရပ်ဆဲလ် ဧပြီ ၂၇

**နေတိုး(မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့)က ပင်လယ်ဓားပြချေမှုန်းရေး မစ်ရှင်တပ်ဖွဲ့များကို ဆိုမာလီယာကမ်းလွန်တစ်နေရာသို့ ဇွန် ၂၀ရက်မတိုင်မီ လအတန်ကြာသည်အထိ ရက်တိုးမြှင့်ဖြန့်ကြက်ချထားမည်ဖြစ်ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။**

ဆိုမာလီယာဒေသတွင် သင်္ဘောများအား ပင်လယ်ဓားပြများက တိုက်ခိုက်မှု ပိုမိုဆိုးရွားလာမှုကြောင့် ကရာချိသို့ သွားရောက်မည့်ခရီးစဉ်အပြီး သင်္ဘောလေးစင်းပါ အထူးတပ်ဖွဲ့က အဒေင် ပင်လယ်ကွေ့တွင် ကင်းလှည့်တာဝန်နှင့် တိုက်ခိုက်ရေးတာဝန်များ ဆက်လက်ထမ်းဆောင်မည်ဟု နေတိုး၏ ပြောရေးဆိုခွင့်ရှိသူ ကာမင်ရိုမာရိုက ပြောကြားသည်။

ဖော်ပြပါ အထူးတပ်ဖွဲ့၏ကင်းလှည့်လုပ်ငန်းတာဝန်သည် လွန်ခဲ့သည့် ဧပြီ ၂၃ ရက်က ပြီးဆုံးခဲ့ပြီဖြစ်သည်။ ၎င်းတပ်ဖွဲ့က စင်ကာပူနှင့် ဩစတြေးလျရှိ သင်္ဘောဆိပ်ကမ်းများသို့ ယခုအခါ သွားရောက်နိုင်မည်မဟုတ်ဟု ရိုမာရိုကပြောကြားသည်။

နေတိုးအဖွဲ့ဝင်နိုင်ငံများမှ သံအမတ်များက မစ်ရှင်အဖွဲ့ရက် တိုးမြှင့်ဖြန့်ကြက်ရန် ဆုံးဖြတ်ချက်ကို ဘရပ်ဆဲလ် အစည်းအဝေးတွင် ဆုံးဖြတ်ချက်ချခဲ့ခြင်း ဖြစ်သည်။

**အမ်အင်န်အေ၊ ရိုက်တာ**



## မာရသွန်ပြိုင်ပွဲ

တရုတ်နိုင်ငံ လျောင်နင်းပြည်နယ်၏ ဆိပ်ကမ်းမြို့ဖြစ်သည့် ဒါလင်းမြို့၌ (၂၃) ကြိမ်မြောက် ဒါလင်းအပြည်ပြည်ဆိုင်ရာ မာရသွန်အပြေးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြသူများအား ဧပြီ ၂၆ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

# မက္ကဆီကို၌ ဝက်တုပ်ကွေးဖြစ်သူ ၁၆၁၄ ဦး၊ သေဆုံးသူ ၁၄၉ဦးရှိပြီ အမေရိကန်တွင် လူ ၂၀၊ ကနေဒါ၌ ခြောက်ဦးရောဂါဖြစ်ပွား

မက္ကဆီကိုစီးတီး ဧပြီ ၂၇

**မက္ကဆီကိုနိုင်ငံ၌ ဝက်တုပ်ကွေးရောဂါကြောင့် သေဆုံးသူပေါင်း ၁၄၉ ဦး ရှိသွားပြီဖြစ်ကြောင်းနှင့် အဆိုပါရောဂါပိုး ကူးစက်ဖျားနာသူဦးရေလည်း ၁၆၁၄ ဦး ရှိကြောင်း မက္ကဆီကို ကျန်းမာရေးဝန်ကြီး ဟိုဆေးအိန်ဂျယ်ကော်ဒိုဗာက တနင်္ဂနွေနေ့တွင် ကြေညာသည်။**

### စိုးရိမ်

ဝက်တုပ်ကွေးရောဂါ မက္ကဆီကိုနိုင်ငံ၌ စတင်ဖြစ်ပွားသည်မှ တစ်ကမ္ဘာလုံးသို့ ကူးစက်မည်ကို ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများက စိုးရိမ်နေကြစဉ်တွင် တနင်္ဂနွေနေ့၌ အမေရိကန် ကျန်းမာရေးဌာနက ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေကို ထုတ်ပြန်ကြေညာလိုက်သည်။

### အတည်ပြု

အမေရိကန်နိုင်ငံ နယူးယောက်မြို့မှ ရှစ်ဦးအပါအဝင် လူပေါင်း ၂၀ ဝက်တုပ်ကွေးရောဂါ ဖြစ်ပွားသည်။ ကယ်လီဖိုးနီးယားပြည်နယ်၌ ခုနစ်ဦး၊ ကင်းဆပ်ပြည်နယ်နှင့် တက္ကဆက်ပြည်နယ်တို့၌ နှစ်ဦးစီနှင့် အိုဟိုင်းယိုးပြည်နယ်၌ တစ်ဦး ဝက်တုပ်ကွေးရောဂါခံစားနေရကြောင်း အတည်ပြု ကြေညာသည်။

### အကြံပြု

အမေရိကန် ပြည်သူတို့အနေဖြင့် မိမိတို့လက်များကို မကြာခဏဆေးကြောရန် ချောင်းဆိုး၊ နှာချေလျှင် လက်ကိုင်ပဝါအုပ်ကြရန်နှင့် နာမကျန်းဖြစ်လျှင် အပြင်မထွက်ဘဲ အိမ်မှာပင်နေကြရန် ရောဂါထိန်းချုပ်ကာကွယ်ရေးဌာနက အကြံပြုတိုက်တွန်းထားသည်။

ကနေဒါနိုင်ငံတွင် ဝက်တုပ်ကွေးရောဂါဖြစ်သူ ယခုအခါ ခြောက်ဦးရှိကြောင်း ကျန်းမာရေးဌာနအရာရှိများက အော့တဝါမြို့၌ တနင်္ဂနွေနေ့က အတည်ပြု ကြေညာသည်။

### ပိတ်ပင်

အခြားနိုင်ငံများမှ အစိုးရများကလည်း မိမိတို့နိုင်ငံသားများ မက္ကဆီကိုနိုင်ငံသို့ မသွားကြရန် သတိပေး နှိုးဆော်ထားသည်။ တရုတ်၊ ဂျပန်နိုင်ငံတို့နှင့် ဟောင်ကောင်ဒေသနှင့် အခြားသောနိုင်ငံများကလည်း ရောဂါကူးစက်လာလျှင် သီးသန့်ထားရှိ ကုသရန် စီစဉ်ထားသည်။ ဝက်သားစားပြီး ဤရောဂါဖြစ်ပွားခြင်း မဟုတ်သော်လည်း ရုရှားနိုင်ငံနှင့် အချို့နိုင်ငံတို့က မက္ကဆီကိုမှ ဝက်သားတင်သွင်းမှုကို ပိတ်ပင်လိုက်သည်။

မက္ကဆီကိုမှစတင်သည့် ဝက်တုပ်ကွေးရောဂါ၏ ကူးစက်ဆိုးရွားမှုအခြေအနေကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)က အင်္ဂါနေ့တွင် ဆုံးဖြတ်ကြေညာမည်ဖြစ်သည်။

**(အင်တာနက်/ဆင်ဟွာ)**

## အပစ်အခတ်ရပ်စဲကြောင်း ကျားသူပုန်တို့ ကြေညာ သူပုန်တို့လက်နက်ချရမည်ဟု အစိုးရက တုံ့ပြန်

ကိုလံဘို ဧပြီ ၂၇

ထောင်ချီရှိသော အရပ်သားများနှင့်အတူ တမီးလ်ကျားသူပုန်များအား သီရိလင်္ကာ အစိုးရတပ်များက နယ်မြေကျဉ်းကျဉ်း ကလေးပတ်လည်မှဝိုင်းထားစဉ် တမီးလ်ကျားသူပုန်များက ဧပြီ ၂၆ရက်တွင် အပစ်အခတ်ရပ်စဲကြောင်း တစ်ဖက်သတ် ကြေညာသည်။

### ကြေညာ

သို့သော်သီရိလင်္ကာအစိုးရက လက်မခံကြောင်း ချက်ချင်းထုတ်ပြန်ကြေညာလိုက်သည်။

### အကျပ်အတည်းတွေ့

ကုလသမဂ္ဂ၊ အီးယူ၊ အိန္ဒိယနှင့်အခြား အစိုးရများ၏ တိုက်တွန်းချက်ကို တုံ့ပြန်သည့် အနေဖြင့်လည်းကောင်း၊ မကြုံဖူးအောင် အကျပ်အတည်းတွေ့ကြုံနေရခြင်းကြောင့်လည်းကောင်း တမီးလ်ကျားသူပုန်တို့က တစ်ဖက်သတ်အပစ်ရပ်ကြောင်း ကြေညာခြင်းဖြစ်သည်ဟုဆို၏။

### ချေမှုန်းသုတ်သင်

သီရိလင်္ကာအစိုးရကမူ ကျားသူပုန်တို့အနေဖြင့် လက်နက်ချရမည်ဖြစ်ကြောင်း၊ သို့မဟုတ်ပါက ချေမှုန်းသုတ်သင်ခံဖို့သာ ရှိကြောင်း တုံ့ပြန်ကြေညာလိုက်သည်။

**အမ်အင်န်အေ၊ ရိုက်တာ**



## ဝက်တုပ်ကွေးရောဂါကာကွယ်

မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီးမြို့တွင် ဝက်တုပ်ကွေးရောဂါဖြစ်ပွားရာ ရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက် ရှိသည်ကို ဧပြီ၂၇ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

## ဗုံးပေါက်ကွဲမှုဖြစ်ပွား

**အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာပြည်နယ်ရှိ အစိုးရရုံးစိုက်ရာဒေသ၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဧပြီ ၂၆ ရက်က တွေ့ရစဉ်။**

(အင်တာနက်ဓာတ်ပုံ)



# အာဖဂန်၌ လမ်းဘေးဗုံးခွဲတိုက်ခိုက်မှု အရပ်သားနှစ်ဦးနှင့် ရဲတပ်ဖွဲ့ဝင် ငါးဦးသေဆုံး

ကဘူးလ် ဧပြီ ၂၇

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာပြည်နယ်တွင် ဧပြီ ၂၆ ရက်က မူးယစ်တိုက်ဖျက်ရေး ရဲတပ်ဖွဲ့ယာဉ်တစ်စီးအား လမ်းဘေးဗုံးခွဲတိုက်ခိုက်မှုကြောင့် အရပ်သားနှစ်ဦးနှင့် မူးယစ်တိုက်ဖျက်ရေး ရဲတပ်ဖွဲ့ဝင်ငါးဦး သေဆုံးသွားခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

### လိုက်လံစုံစမ်း

ဘိန်းခင်းများအား ဖျက်ဆီးရန် လိုက်လံစုံစမ်းနေစဉ် ရဲကားမှာ ဗုံးခွဲတိုက်ခိုက်ခံခဲ့ရခြင်းဖြစ်သည်။

ယင်းနေ့မှာပင် မြို့တော်ကဘူးလ်၌ အာဖဂန်မူးယစ်တိုက်ဖျက်ရေး အာဏာပိုင်များက မူးယစ်ဆေးဝါးခြောက်တန်ကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်တွင် ပါရှိသည်။

**(အင်တာနက်)**

# အီရတ်၌ ဗုံးခွဲတိုက်ခိုက်မှု အီရန်ခေါင်းဆောင်က အမေရိကန်ကို ဝေဖန်

တီဟီရန် ဧပြီ ၂၇

ယခု ရက်သတ္တပတ်အတွင်း အီရန်ဘုရားဖူး အများအပြားသေဆုံးသည့် အီရတ်နိုင်ငံ ဗုံးခွဲတိုက်ခိုက်မှုနှင့် စပ်လျဉ်း၍ အီရန်ဘာသာရေးခေါင်းဆောင် အယာတိုလာ အလီခါမေနီက အမေရိကန်နိုင်ငံအား ဧပြီ ၂၅ရက်က ပြစ်တင်ဝေဖန်လိုက်ကြောင်း အီရန်မီဒီယာများက ဖော်ပြသည်။

### ရောက်ရှိ

အီရတ်နိုင်ငံအတွင်း အမေရိကန်တပ်ဖွဲ့ဝင်များ ရောက်ရှိနေခြင်းကြောင့် အီရတ်နိုင်ငံ၏ လုံခြုံရေးအခြေအနေ ပိုမိုဆိုးရွားသွားစေသည်ဟု အီရန်နိုင်ငံက မကြာခဏ ဝေဖန်လေ့ရှိသည်။

### ဝေဖန်

ယခုလည်း အီရန်ဘာသာရေးခေါင်းဆောင် အယာတိုလာအလီခါမေနီက ယင်းသို့ ပြစ်တင်ဝေဖန်ခြင်းဖြစ်သည်။

**အမ်အင်န်အေ၊ ရိုက်တာ**






နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ အမရဟိုတယ် (နေပြည်တော်) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

# နေပြည်တော်ဟိုတယ်ဇုန်ရှိ အမရဟိုတယ်(နေပြည်တော်) ဖွင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဧပြီ ၂၇

**နေပြည်တော်ဟိုတယ်ဇုန်ရှိ အမရဟိုတယ် [Amara Hotel] (နေပြည်တော်) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါ ဟိုတယ်မင်္ဂလာမုခ်ဦး၌ ကျင်းပရာ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ နေပြည်တော်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အမရဟိုတယ် (နေပြည်တော်)အုပ်ချုပ်မှုဒါရိုက်တာနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။**

## အမှာစကားပြောကြား

ရှေးဦးစွာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် အမရဟိုတယ်(နေပြည်တော်)အုပ်ချုပ်မှု ဒါရိုက်တာ ဦးသန်းဝင်းဆွေက နိုင်ငံတကာအဆင့်မီ ဟိုတယ်တည်ဆောက်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် မင်္ဂလာအချိန်ကျရောက်သည်တွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိုးနိုင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော် မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့်နှင့် အမရဟိုတယ်(နေပြည်တော်)အုပ်ချုပ်မှု ဒါရိုက်တာ ဦးသန်းဝင်းဆွေ တို့က အမရဟိုတယ်(နေပြည်တော်)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က အမရဟိုတယ် (နေပြည်တော်)ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး နံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ဆိုင်းဘုတ်ကို နံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

## လှည့်လည်ကြည့်ရှု

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ခေတ်မီလှပသည့် ဟိုတယ်အခန်းများ၊ အစည်းအဝေးခန်းမ၊ သီးသန့်ခန်းမများ၊ ခေတ်မီ အသုံးအဆောင်ပစ္စည်းများနှင့် ဟိုတယ်ဝန်းကျင် သာယာလှပရေးဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ ဖွင့်လှစ်လိုက်သည့် အမရဟိုတယ်(နေပြည်တော်)သည် နေပြည်တော် ရာဇသင်္ဂဟလမ်းရှိ နေပြည်တော်ဟိုတယ်ဇုန်၌ ခုနစ်ခုမြောက် ဟိုတယ်ဖြစ်ပြီး မြေအကျယ် အဝန်း ၃၉ဧကပေါ်တွင် အဆောက်အအုံနှင့် အခန်းပေါင်း ၆၇ ခန်းကို အမျိုးအစား လေးမျိုးဖြင့် ခေတ်မီလှပစွာ တည်ဆောက်ထားသည့် နိုင်ငံတကာအဆင့်မီ ဟိုတယ်တစ်ခု ဖြစ်သည်။

## ဈေးနှုန်းချိုသာ

နှစ်ထပ်ဆောင် အဆောက်အအုံဖြင့် အခန်းပေါင်း၄၀ပါရှိသော Executive Rooms နှင့် Suite Room ၂၇ခန်းတို့တွင် ခေတ်မီအသုံးအဆောင်ပစ္စည်းများပါရှိခြင်း၊ နိုင်ငံတကာ အဆင့်မီ ဝန်ဆောင်မှုများပါရှိခြင်းနှင့် ဈေးနှုန်းချိုသာခြင်းတို့ကြောင့် ဧည့်သည်များအနေဖြင့် အဆင်ပြေချောမွေ့စွာ တည်းခိုနိုင်မည်ဖြစ်သည်။

ထို့အတူ ခေတ်မီသစ်လွင်လှပသော စားသောက်ခန်းမ၊ အစည်းအဝေးခန်းမ၊ သီးသန့်ခန်းမတို့အပြင် Wi-Fi Internet Access နှင့် ၂၄ နာရီရရှိနိုင်သော Room Service၊ Business Centre တွင် အင်တာနက်အသုံးပြုခြင်း၊ Laptop ငှားရမ်းခြင်း စသည့် ဝန်ဆောင်မှုတို့ကိုလည်း စီစဉ်ထားရှိရာ အထူးဧည့်သည်တော်များ၊ နိုင်ငံတကာ လုပ်ငန်းရှင်များ၊ အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ၊ ပြည်တွင်း လုပ်ငန်းရှင်များနှင့် နိုင်ငံခြားသား ခရီးသွားဧည့်သည်များအတွက် အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်သော အဆင့်မြင့်ဟိုတယ်တစ်ခုဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကူးစက်ရောဂါတိုက်ဖျက်ရေး ပူးပေါင်းပါဝင်ဆောင်ရွက် ရောဂါဖြစ်ပွားမှုနှင့် ပတ်သက်၍ သတင်းပေးပို့ရန် လိုအပ်

**နေပြည်တော် ဧပြီ ၂၇**

ကျန်းမာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ဆရာဝန်အသင်းမှ ဆရာဝန်ကြီးများအား ကြက်ငှက်တုပ်ကွေးရောဂါနှင့် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးဆရာဖြစ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ရောဂါနှိမ်နင်းရေး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြက်ငှက်တုပ်ကွေးရောဂါနှင့် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး တက်ရောက်၍ အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံဆရာဝန်အသင်းမှ အထွေထွေရောဂါကုဆရာဝန်ကြီးများအနေဖြင့် နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှုတွင် ထိထိရောက်ရောက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ မိသားစုဘဝတိုးတက်အောင် ဆောင်ရွက်ကြပြီး လူတိုင်းလူတိုင်း ကျန်းမာရေးစောင့်ရှောက်မှုရရှိရေးကို ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ တစ်ဦးချင်းအနေဖြင့်သာမက အဖွဲ့အစည်းအနေဖြင့် မြို့နယ်၊ ကျေးရွာများကို အခြေခံပြီး ဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း။

## အလေ့အကျင့်ကောင်း

ဆရာဝန်ကြီးများအနေဖြင့် ပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရောဂါဖြစ်ပြီးမှ ကုသမှုထက် ရောဂါမဖြစ်အောင် အသိပညာပေးခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်သည့် အလေ့အကျင့်ကောင်းများရရှိအောင် ဆောင်ရွက်ခြင်းများကို ပြုလုပ်ကြရမည်ဖြစ်ကြောင်း။

## အမျိုးသားရေးတာဝန်

ဆက်လက်၍ ကူးစက်ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများတွင်လည်း ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်း၊ ရောဂါဖြစ်ပွားမှုနှင့် ပတ်သက်၍ သတင်းပေးပို့သည့် အလေ့အကျင့်များ ရရှိရေး ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံဆရာဝန်အသင်းဝင် ဆရာဝန်များသည် နိုင်ငံတော်၏ အရန်အင်အားတစ်ရပ်ဖြစ်၍ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

## တက်ရောက်

အဆိုပါသင်တန်းသို့ ပြည်နယ်၊တိုင်းများမှ မြန်မာနိုင်ငံဆရာဝန်အသင်း အထွေထွေရောဂါကုဆရာဝန်ကြီး၃၁ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ နှစ်ရက်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တရားမအထူးအယူခံမှုများ စီရင်ချက်ချမှတ်

**နေပြည်တော် ဧပြီ ၂၇**

တရားရုံးချုပ်(နေပြည်တော်) ဒုတိယတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တရားရုံးချုပ် (မန္တလေး)မှ တရားရုံးချုပ် တရားသူကြီးများဖြစ်ကြသော ဦးမြင့်အောင်နှင့် ဦးစိန်လှိုင်တို့ ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက်၁၀ နာရီတွင် တရားရုံးချုပ် (နေပြည်တော်) တရားခွင်အမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူး အယူခံမှု(၆)မှုကို စီရင်ချက်ချမှတ်သည်။

ထို့အပြင် ၂၀၀၀ပြည့်နှစ် တရားစီရင်ရေးဥပဒေပုဒ်မ ၇အရ တင်သွင်းသည့် တရားမအထူးအယူခံမှု သုံးမှုနှင့် ၂၀၀၀ပြည့်နှစ် တရားစီရင်ရေး ဥပဒေပုဒ်မ ၈ အရ တင်သွင်းသည့် တရားမ အထူးအယူခံမှုတစ်မှုတို့ကိုလည်း ကြားနာကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ● *ကျောဖုံးမှ*

ချင်းတွင်းတံတား (မုံရွာ)၏ ပင်မတံတားအပေါ်ထည်မှာ သံမဏိသံပေါင် တံတား အမျိုးအစားဖြစ်ပြီး အောက်ထည်မှာ သံကူကွန်ကရစ်တံတား အမျိုးအစား ဖြစ်သည်။ တံတား၏ စုစုပေါင်းအရှည်မှာ ၄၇၃၀ဒသမ ၂ပေဖြစ်ပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်သည်။

### နောက်ကျကျန်ရစ်

စစ်ကိုင်းတိုင်းအတွင်းတွင် ချင်းတွင်းမြစ်သည် ရှည်လျားစွာစီးဆင်းပြီး အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်းဒေသများကို နီးလျက်နှင့် ဝေးသကဲ့သို့ သဘာဝအရပိုင်းခြားထားသလို ဖြစ်နေသည့်အတွက် အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်း အပြန်အလှန် ဆက်သွယ်သွားလာရေးမှာ သွက်လက်မြန်ဆန်မှု၊ လွယ်ကူမှုမရှိ ဖြစ်ခဲ့ရသည်။ အထူးသဖြင့် အနောက်ဘက်ကမ်းရှိ နယ်မြေများသည် သွားလာမှု အခက်အခဲများကြောင့် ဖွံ့ဖြိုးတိုးတက်မှု၌ နောက်ကျကျန်ရစ်ရသည့် ခေတ်အဆက်ဆက်၏ သမိုင်းအကြွေးရှိခဲ့သည်။

### အထောက်အကူပြု

မုံရွာတံတားကြီးသည် ချင်းပြည်နယ်အတွက်ရော၊ စစ်ကိုင်းတိုင်း ချင်းတွင်းမြစ် အနောက်ဘက်ကမ်းဒေသများအတွက်ပါ စီးပွားရေးအရ၊ လူမှုရေးအရ ဖွံ့ဖြိုးတိုးတက်လာအောင် အထောက်အကူပြုနိုင်ပြီး တစ်ဖက်အိမ်နီးချင်းနိုင်ငံနှင့် ဆက်နွယ်သည့် နယ်စပ်ကုန်သွယ်ရေးကိုလည်း ဖွံ့ဖြိုးသည်ထက် ဖွံ့ဖြိုးလာစေလျက်ရှိရာ စစ်ကိုင်းတိုင်းနှင့် ပြည်ထောင်စုကြီးတစ်ရပ်လုံးအတွက် အရေးပါသော တံတားကြီးအဖြစ်ရပ်တည်နေပါကြောင်း သတင်းမှတ်စုအဖြစ် တင်ပြလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**

**မီးမလောင်ခင် သတိယှဉ် ကြိုတင် ကာကွယ်ပါ**

# သံတောင်မြို့နယ်၌ သောင်းကျန်းသူများထောင်ထားသော နင်းမိုင်းနှစ်လုံးပေါက်ကွဲ၊ အပြစ်မဲ့ပြည်သူနှစ်ဦးဒဏ်ရာရရှိ

**နေပြည်တော် ဧပြီ ၂၇**

ပဲခူးတိုင်း ထန်းတပင်မြို့နယ် ဘုမ္မတီးကျေးရွာနေ သန်းနိုင်ဦး (အသက် ၂၀) (ဘ)ဦးသန်းဝင်းသည် အခြားသူသုံးဦးနှင့်အတူ ဧပြီ ၂၀ရက် နံနက် ၁၁နာရီခန့်တွင် ရွာအရှေ့ဘက် ငါးမိုင်ခန့်အကွာ သံတောင်မြို့နယ် ကျောက်ဆင်တောင်သို့ ဟင်းရွက်ခူးသွားပြီးအပြန် ခွေမြောင်တောင်အနီး တောလမ်းအရောက်၌ သောင်းကျန်းသူများထောင်ထားသည့် နင်းမိုင်းတစ်လုံး နင်းမိပေါက်ကွဲပြီး ယာခြေဖနောင့် ကြေမွဒဏ်ရာရရှိခဲ့သဖြင့် ဇရပ်ကြီး တိုက်နယ်ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း သိရှိရသည်။

## ပို့ဆောင်ကုသ

အလားတူ ပဲခူးတိုင်း သံတောင်မြို့နယ် ဘောကလိမြို့ ရေတံခွန်ကျေးရွာနေ ဦးစောကပလယ် အသက်(၅၁)နှစ် (ဘ) ဦးမောင်စိသည် ဧပြီ ၂၅ရက် နံနက် ၀၀ နာရီ မိနစ် ၃၀တွင် ဥယျာဉ်လုပ်ငန်းလုပ်ကိုင်ရန် သွားရောက်စဉ် ကျောက်ဆင်တောင်ရွာအနီး၌ သောင်းကျန်းသူများ ထောင်ထားသည့် နင်းမိုင်းတစ်လုံး နင်းမိပေါက်ကွဲပြီး ယာခြေဖဝါး၊ ခြေဖမိုးနှင့် ခြေချောင်းများ စုတ်ပြဲဒဏ်ရာများ(မစိုးရိမ်ရ)ရရှိခဲ့သဖြင့် တောင်ငူမြို့ဆေးရုံကြီးသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





**ကမ္ဘာ့လူတုပ်ကွေး ကပ်ရောဂါအတွက် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး ကမ္ဘာ့လူတုပ်ကွေး ကပ်ရောဂါအတွက် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်း ကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။**
(သတင်းစဉ်)

# မြန်မာနိုင်ငံအတွင်း ရောဂါရှာဖွေနိုင်ရေး စာတ်ခွဲခန်းများ အဆင့်မြှင့်ထား ပြည်သူလူထုသို့ မကူးစက်နိုင်အောင် နှိုးဆော်ချက် ထုတ်ပြန်ပြီးဖြစ်

နေပြည်တော် ဧပြီ ၂၇

**ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါအတွက် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေ ၅နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားကျန်းမာရေးကော်မတီအစည်းအဝေးခန်းမ၌ ကျင်းပရာ ကမ္ဘာ့လူတုပ်ကွေး ကပ်ရောဂါအတွက် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး တက်ရောက်၍ အမှာစကား ပြောကြားသည်။**

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ကမ္ဘာ့လူတုပ်ကွေး ကပ်ရောဂါအတွက် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းကော်မတီဝင်များ၊ဆပ်ကော်မတီဝင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ကျန်းမာရေးဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

## ကြိုတင်ပြင်ဆင်

ရှေးဦးစွာ ကမ္ဘာ့လူတုပ်ကွေး ကပ်ရောဂါအတွက် ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန် ဆောင်ရွက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာမြဦးက အမှာစကား ပြောကြားရာတွင် ကမ္ဘာပေါ်၌ ၂၀၀၃ခုနှစ်က ဖြစ်ပွားခဲ့သော ဆားစ်ရောဂါကို မြန်မာနိုင်ငံအတွင်းသို့ ကူးစက်ဝင်ရောက်နိုင်ခြင်း မရှိအောင်၊ တစ်ဦးတစ်ယောက်မျှ မဖြစ်ပွားအောင် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်နိုင်ခဲ့ကြောင်း။

## ဆောင်ရွက်လျက်ရှိ

ဆားစ်ရောဂါ နှိမ်နင်းပြီးနောက် ခြောက်လခန့်အကြာတွင် ကမ္ဘာပေါ်၌ ကြက်ငှက်တုပ်ကွေးရောဂါ ပေါ်ပေါက်လာခဲ့သဖြင့် အမျိုးသားကျန်းမာရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ မဖြစ်ပွားစေရေးအတွက် နိုင်ငံတကာ၌ပြုလုပ်သည့် ဝန်ကြီးအဆင့် အစည်းအဝေး (၆)ကြိမ်သို့ တက်ရောက်ခဲ့ပြီး အပြည်ပြည်ဆိုင်ရာ ရောဂါကာကွယ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

## စောင့်ကြပ်ကြည့်ရှု

ကမ္ဘာ့လူတုပ်ကွေးရောဂါ ဖြစ်ပွားမှု အခြေအနေကို စောင့်ကြပ်ကြည့်ရှုလျက်ရှိရာ ဧပြီ၁၇ရက်မှစပြီး မက္ကဆီကိုနိုင်ငံ၌ ဝက်တုပ်ကွေးရောဂါကြောင့် လူ၁၃၀၀ကျော် ရောဂါ ကူးစက်ခံရပြီး ၈၀ သေဆုံးခဲ့ကြောင်းနှင့် အမေရိကန်နိုင်ငံ၌ ၂၀၊ နယူးဇီလန်နိုင်ငံ၌ ၁၀ဦးနှင့် ကနေဒါနိုင်ငံ၌ ခြောက်ဦး ရောဂါကူးစက်မှုရှိခဲ့ကြောင်း သိရသဖြင့် နိုင်ငံအချို့အား ကူးစက်နေပြီဟု ယူဆရကြောင်း၊ ယခုဖြစ်ပွားနေသော ဝက်တုပ်ကွေးရောဂါသည် ရောဂါရှိသော ဝက်နှင့် ထိတွေ့သူများကို ကူးစက်ရုံသာမက လူလူချင်း ကူးစက်မှုဖြစ်ပွားသည်ကို တွေ့ရှိရကြောင်း။

## ကျန်းမာရေးစစ်ဆေးမှု

ယခုအခါ ဖြစ်ပေါ်လာသော ဗိုင်းရပ်စ်သည် မျိုးရိုးဗီဇလေးမျိုး ပေါင်းစပ်၍ ဖြစ်ပေါ်လာသည့် ဗိုင်းရပ်စ်ပိုးအသစ်ဖြစ်ကြောင်း၊ မက္ကဆီကိုနိုင်ငံ၌ ကျောင်း၊ ပြတိုက်၊ ကဇာတ်ရုံနှင့် စာကြည့်တိုက်များ ပိတ်ထားရကြောင်း၊ ဂျပန်နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ စင်ကာပူသမ္မတနိုင်ငံနှင့် မလေးရှားနိုင်ငံ စသည့် နိုင်ငံများ၌ လေဆိပ်များတွင် ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသားကျန်းမာရေးကော်မတီသို့ တင်ပြပြီး ရောဂါကာကွယ်ရေးလုပ်ငန်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း။

## အဆင့်မြှင့်ထား

မြန်မာနိုင်ငံအတွင်းသို့ ကူးစက်ရောဂါများ ဝင်ရောက်လာနိုင်သည့် ဝင်ပေါက်များ ဖြစ်သော လေဆိပ်များ၊ ဆိပ်ကမ်းများနှင့် နယ်စပ်များမှ ရောဂါမဝင်ရောက်နိုင်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ သံသယရှိသော လူနာများကိုလည်း သက်ဆိုင်ရာ သတ်မှတ်ဆေးရုံများ၌ စောင့်ကြပ်ကြည့်ရှုရန် စီစဉ်ထားပြီးဖြစ်ကြောင်း၊ ထိရောက်စွာ ကုသနိုင်ရန်အတွက် ဆေးဝါးများနှင့် ပစ္စည်းကိရိယာများကို ဖြည့်ဆည်းထားပြီး ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွင်း ရောဂါရှာဖွေဖော်ထုတ်နိုင်ရန်အတွက် ဓာတ်ခွဲခန်းများကို အဆင့်မြှင့်ထားပြီးဖြစ်ကြောင်း၊ ပြည်သူလူထုသို့ မကူးစက်နိုင်အောင် နှိုးဆော်ချက်များ ထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ ယခုရောဂါအား ပြည်သူလူထုနှင့် ပူးပေါင်း၍ အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်သွားကြရန် လိုကြောင်း ပြောကြားသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကမ္ဘာ့လူတုပ်ကွေး ကပ်ရောဂါအတွက် ကြိုတင်ပြင်ဆင်ရေး နှင့် တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များနှင့် တာဝန်ရှိသူများက ၎င်းတို့ တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းအစီအမံများနှင့် ပတ်သက်၍ ရှင်းလင်း တင်ပြကြသည်။

## ညှိနှိုင်းပေါင်းစပ်

ယင်းနောက် ရှင်းလင်းတင်ပြချက်များ အပေါ် ဒုတိယဝန်ကြီးက ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# ကမ္ဘာ့လူတုပ်ကွေးရောဂါ ကာကွယ်ရေးသတိပေး နှိုးဆော်ချက်

၁။ ၂၀၀၉ခုနှစ် ဧပြီလ ၁၇ရက်မှ ၂၅ရက်အထိ မက္ကဆီကို၊ အမေရိကန်၊ ကနေဒါ၊ နယူးဇီလန် စသည့်နိုင်ငံများတွင် ဝက်တုပ်ကွေးရောဂါ (Swine Flu) သည် လူများသို့ ကူးစက်ပျံ့နှံ့ခဲ့ရာ လူပေါင်း ၁၃၀၀ကျော်တွင် ရောဂါဖြစ်ပွားပြီး လူ၈၀ကျော် သေဆုံးခဲ့ပါသည်။

၂။ ယခု ဖြစ်ပွားနေသောရောဂါသည် ဗိုင်းရပ်စ်ပိုးအသစ်တစ်မျိုးကြောင့် ဖြစ်ပွားခြင်းဖြစ်ပြီး ဗိုင်းရပ်စ်မျိုးရိုးဗီဇ လေးမျိုးပေါင်းထားသော ပိုးအသစ်ဖြစ်သဖြင့် ကျယ်ပြန့်စွာ ကူးစက်ပျံ့နှံ့နိုင်သည်ကို သတိပြုရန်လိုအပ်ပါသည်။ ယခုအခါ နိုင်ငံအချို့တွင် ဖြစ်ပွားလျက်ရှိကြောင်းနှင့် ဤရောဂါကို နိုင်ငံတကာဆိုင်ရာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကြေညာထားပါသည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကြက်၊ ငှက်တုပ်ကွေးမှတစ်ဆင့် လူများသို့ ကူးစက်မှုမရှိစေရေးအတွက် ရောဂါကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ယခုအခါ အခြားနိုင်ငံများတွင် ဝက်တုပ်ကွေးမှတစ်ဆင့် လူများသို့ ရောဂါကူးစက်မှုရှိလာသဖြင့် အဆိုပါရောဂါ မြန်မာနိုင်ငံသို့ ဝင်ရောက်ကူးစက်ပျံ့နှံ့ခြင်း မရှိရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဆက်စပ်ဆောင်ရွက်လျက်ရှိပါသည်။

၃။ ဝက်တုပ်ကွေးရောဂါ (Swine Flu)၏ လက္ခဏာများသည် ကိုယ်ပူခြင်း၊ နှာရည်ယိုခြင်း၊ နှာချေးချောင်းဆိုးခြင်း၊ ကိုယ်လက်မအီမသာဖြစ်၍ ကိုက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ အသက်ရှူကျပ်ခြင်းတို့ဖြစ်ပြီး အခြားသော တုပ်ကွေးရောဂါ လက္ခဏာများနှင့်လည်း တူညီပါသည်။ ထိုရောဂါလက္ခဏာများဖြစ်ပွားပါက လုပ်ငန်းခွင်၊ ကျောင်း စသည့် လူစုလူဝေးနေရာများသို့ မသွားရောက်ဘဲ မိမိတို့နေအိမ်တွင်သာ အနားယူရန်၊ လိုအပ်လျှင် နီးစပ်ရာကျန်းမာရေးဆေးခန်းများသို့ ဆက်သွယ်၍ ကုသမှုကို ခံယူရန်၊ အဖျားကြီးခြင်း၊ ချောင်းဆိုးကြာရှည်ခြင်း၊ အသက်ရှူခက်ခဲ၍ မောပန်းခြင်း စသည့် ရောဂါပြင်းထန်သော လက္ခဏာများ ခံစားရပါလျှင် ဆေးရုံသို့ ချက်ချင်းပြသ၍ ကုသမှုခံယူရန်၊ ဆေးရုံ၊ ဆေးခန်းများသို့ ကုသရန်သွားရောက်ရာတွင်လည်း အခြားလူများသို့ ကူးစက်မှုမှ ကာကွယ်ရန်အတွက် နှာခေါင်းစည်းများ (Surgical Masks) တပ်ဆင်ရန် လိုအပ်ပါသည်။

၄။ ဤရောဂါသည် လူမှလူသို့ ကူးစက်လျက်ရှိသည်ကို တွေ့ရပါသဖြင့် ယခင် ဆားစ်အဆုတ်ရောင် ရောဂါဖြစ်ပွားသကဲ့သို့ ကမ္ဘာ့နိုင်ငံ အနှံ့အပြားသို့ လျင်မြန်စွာ ကူးစက်ပြန့်ပွားနိုင်ပြီး ကပ်ရောဂါအသွင်သို့ ဖြစ်လာနိုင်ပါသည်။ သို့ဖြစ်၍ ပြည်သူများအနေဖြင့် အောက်ဖော်ပြပါအချက်များကို သတိပြုလိုက်နာ ကျင့်သုံးကြရန် နှိုးဆော်အပ်ပါသည်-

- **(က) နှာချေ၊ ချောင်းဆိုးလျှင် လက်ကိုင်ပဝါဖြင့် ဖုံးအုပ်ခြင်း။**
- **(ခ) လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောခြင်း။**
- **(ဂ) တစ်ကိုယ်ရေသန့်ရှင်းမှုကို ဂရုပြုဆောင်ရွက်ခြင်း။**
- **(ဃ) ကောင်းစွာ အိပ်စက်အနားယူခြင်း။**
- **(င) အာဟာရပြည့်ဝသည့် အစားအစာများ စားသုံးခြင်း။**
- **(စ) ကိုယ်လက်လှုပ်ရှားမှု မှန်မှန်ပြုလုပ်ခြင်း။**
- **(ဆ) လေကောင်းလေသန့် ရရှိအောင် ဆောင်ရွက်နေထိုင်ခြင်း။**

၅။ တုပ်ကွေးရောဂါဖြစ်ပွားသူများနှင့် ရောဂါဖြစ်သည်ဟု သံသယရှိသူများသည် အခြားလူများသို့ ရောဂါကူးစက်မှုအား ကာကွယ်နိုင်ရန်လည်းကောင်း၊ လူနာအား စောင့်ရှောက်သူများသည် မိမိတို့ထံ ရောဂါကူးစက်ခြင်း မရှိစေရန်လည်းကောင်း နှာခေါင်းနှင့် ပါးစပ်တို့ကို ဖုံးအုပ်နိုင်သည့် နှာခေါင်းစည်းများ (Surgical Masks) တပ်ဆင်ကြရန် လိုအပ်ပါသည်။

၆။ ကျန်းမာရေးဝန်ကြီးဌာနသည် အဆိုပါတုပ်ကွေးရောဂါ အခြားနိုင်ငံများမှ မြန်မာနိုင်ငံသို့ ကူးစက်ရောက်ရှိမလာစေရေးနှင့် တုပ်ကွေးရောဂါဖြစ်ပွားပါကလည်း လိုအပ်သောဆေးကုသရေးများအတွက် ဆောင်ရွက်ထားရှိပါသည်။ နိုင်ငံအချို့၌ ဖြစ်ပွားလျက်ရှိသော ကမ္ဘာ့လူတုပ်ကွေးရောဂါနှင့်ပတ်သက်၍ ပြည်သူများသိရှိရန် အချက်အလက်များကို လိုအပ်ပါက အချိန်နှင့်တစ်ပြေးညီ ဆက်လက်အသိပေးသွားမည်ဖြစ်ပြီး ပြည်သူများကလည်း ကျန်းမာရေးဝန်ကြီးဌာန၏ နှိုးဆော်ချက်အတိုင်း လိုက်နာဆောင်ရွက်ကြရန် အသိပေးအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
# မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
# မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
# ဝက်တုပ်ကွေးရောဂါ SWINE FLU သတိပေးနှိုးဆော်ချက်

၁။ **လူတွင်ဖြစ်ပွားနေသော ဝက်တုပ်ကွေးရောဂါ**။ ၂၀၀၉ခုနှစ် ဧပြီလ ၁၇ရက်မှ ၂၅ရက်အထိ မက္ကဆီကို၊ အမေရိကန်၊ ကနေဒါ၊ နယူးဇီလန် စသည့် နိုင်ငံများတွင် ဝက်တုပ်ကွေးရောဂါ(Swine Flu)သည် လူများသို့ ကူးစက်ပျံ့နှံ့ခဲ့ရာ လူပေါင်း ၁၃၀၀ ကျော်တွင် ရောဂါဖြစ်ပွားပြီး လူ ၈၀ ကျော် သေဆုံးခဲ့ပါသည်။

၂။ **ဝက်၌ တွေ့ရှိရသော ဝက်တုပ်ကွေးရောဂါသဏ္ဌာန်လက္ခဏာများ**။ ဝက်၌ တုပ်ကွေးရောဂါဖြစ်ပွားပါက ရုတ်တရက်ဖျားနာခြင်း၊ ငေးမှိုင်ခြင်း၊ ချောင်းဆိုးခြင်း၊ နှာရည်၊ မျက်ရည်ကျခြင်း၊ နှာချေခြင်း၊ အသက်ရှူကျပ်ခြင်း၊ မျက်လုံးနီခြင်း၊ ရောင်ခြင်း၊ အစာမစားခြင်း စသည့် တုပ်ကွေးလက္ခဏာများ တွေ့ရှိရကြောင်း၊ ရာသီဥတုအပြောင်းအလဲကြောင့်ဖြစ်တတ်သော အအေးမိခြင်းနှင့် အခြား ဝက်ဖျားနာရောဂါများတွင်လည်း ဤရောဂါလက္ခဏာ တွေ့ရှိရကြောင်း။

၃။ **ဝက်တုပ်ကွေးရောဂါကာကွယ်တားဆီးရေး လိုက်နာဆောင်ရွက်ရန်အချက်များ-**

- (က) ဝက်များ၌ ဖျားနာရောဂါလက္ခဏာများတွေ့ရှိပါက လူများနှင့် နီးစပ်မှုမရှိစေဘဲ သီးခြားထားရှိရန်နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ သတင်းပို့ရန်။
- (ခ) စီးပွားဖြစ် ဝက်ကောင်ရေများများ မွေးမြူသည့်လုပ်ငန်းများ၌ ဇီဝလုံခြုံရေးမြှင့်တင် မွေးမြူသွားရန်။
- (ဂ) ဝက်ခြံလုပ်ငန်းဆောင်ရွက်ပြီးတိုင်း ခြေ/လက်သန့်ရှင်းရေး စနစ်တကျစင်ကြယ်အောင် ဆေးကြောရန်။
- (ဃ) မကျန်းမာသောဝက်များ ပြုစုစောင့်ရှောက်သည့်အခါ နှာခေါင်း၊ ပါးစပ်အကာ၊ လက်အိတ်များ အသုံးပြု ကိုင်တွယ်သွားရန်။
- (င) မကျန်းမာသော ဝက်များအား ဈေးကွက်သို့ ရောင်းချခြင်း မပြုရန်။
- (စ) မူရင်းဇာစ်မြစ်မသိသော ဝက်များကို မွေးမြူခြင်း မပြုရန်၊ အထူးသဖြင့် တရားမဝင် နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာသည့် ဝက်များကို မွေးမြူခြင်း မပြုရန်။
- (ဆ) ဝက်သားနှင့် ဝက်သားထွက်ပစ္စည်းများ သေချာစွာ ကိုင်တွယ်ချက်ပြုတ်စားသောက်ပါက ရောဂါမကူးစက်နိုင်ကြောင်း၊ အပူရှိန် ၇၀° C အထက် ချက်ပြုတ်ထားပါက ဗိုင်းရပ်စ်သေဆုံးနိုင်ပါကြောင်း။

၄။ **ဝက်တုပ်ကွေးရောဂါကာကွယ်တားဆီးရေး။** မြန်မာနိုင်ငံအတွင်း ဝက်များ၌ ဝက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုမရှိပါသဖြင့် တစ်နိုင်ဝက်မွေးမြူသူများ၊ စီးပွားဖြစ် ဝက်မွေးမြူရေးလုပ်ငန်းရှင်များနှင့် ပြုပြင်ထုတ်လုပ်ရောင်းချသူများသည် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ စည်ပင်သာယာရေးအဖွဲ့၊ ဒေသအာဏာပိုင်အဖွဲ့အစည်းတို့နှင့် ဝက်တုပ်ကွေးရောဂါမဖြစ်ပွားရေး၊ ကာကွယ်တားဆီးရေး ပူးပေါင်းဆောင်ရွက်သွားပါရန် နှိုးဆော်အပ်ပါသည်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန**

# တိုင်းရင်းသားအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရေး လက်တွေ့ကျသည့် ဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်ပေးနေ



**ဆေးဝါးပစ္စည်းများလှူဒါန်း**

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မိုင်းခတ်မြို့ ပြည်သူ့ဆေးရုံအတွက် ဆေးဝါးပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

* *ရှေ့ဖုံးမှ*

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား မိုင်းယန်းတပ်နယ်မှ ဗိုလ်မှူးကြီး ဝင်းနိုင်၊ ကျိုင်းတုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှဝင်းတင်၊ မိုင်းယန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးရဲလင်းအောင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မိုင်းယန်းမြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိကြရာ ဆေးရုံခန်းမ၌ နိုင်ငံတော်ဝန်ကြီးချုပ်အား ဆေးရုံအုပ်ကြီး ဒေါက်တာရဲမြင့်အောင်က မိုင်းယန်းမြို့နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ ဆေးရုံတွင် လူနာများအား ဆေးဝါးကုသပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

## ဖြည့်ဆည်းမှာကြား

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုးနှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တို့က မိုင်းယန်းမြို့နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအပေါ် ပံ့ပိုးပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က ဆေးရုံအတွက် ဆေးဝါးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီးက လက်ခံသည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးတို့က ဆေးရုံသုံးပစ္စည်းများကို ပေးအပ်လှူဒါန်းကြသည်။

## ထောက်ပံ့ငွေများပေးအပ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက်ကုသနေသော လူနာများအား လှည့်လည်ကြည့်ရှု၍ အားပေးစကား ပြောကြားကြပြီး ထောက်ပံ့ငွေများကို ပေးအပ်ကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆေးရုံရှိ ဆေးသိုလှောင်ခန်း၊ ကာကွယ်ဆေး သိုလှောင်ခန်း၊ ဓာတ်ခွဲခန်းနှင့် ဓာတ်မှန်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မိုင်းယန်းမြို့ ပြည်သူ့ဆေးရုံတွင် တက်ရောက်ကုသနေသော လူနာများအား ထောက်ပံ့ငွေများ ပေးအပ်စဉ်။** (သတင်းစဉ်)

## တွေ့ဆုံ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မိုင်းယန်းမြို့ မြို့နယ်ခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ မိုင်းယန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးရဲလင်းအောင်က မြို့နယ်အတွင်း စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားသည်။

## ရှင်းလင်းပြသ

ထို့နောက် အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းက ဇီဝဘက်ထရီဖြင့် လျှပ်စစ်မီးထွန်းနိုင်မှုနှင့် ဇီဝဘက်ထရီ ပြုလုပ်နည်းတို့ကို တက်ရောက်လာသူများအား ရှင်းလင်းပြသသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းတို့က မြို့နယ်အတွက် အဝတ်အထည်များ၊ အားကစားပစ္စည်းများနှင့် ထောက်ပံ့ပစ္စည်းများကို တာဝန်ရှိသူများထံ ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မိုင်းယန်းမြို့မှ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ မွန်းတည့် ၁၂ နာရီတွင် ကျိုင်းတုံခရိုင် မက်မန်းမြို့သို့ ရောက်ရှိကြသည်။

## ကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား မက်မန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံတိုင်းရင်းသားများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မက်မန်းမြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိကြပြီး ဆေးရုံတက်ရောက်ကုသနေသောလူနာများအား လှည့်လည်ကြည့်ရှုအားပေးကြကာ ထောက်ပံ့ငွေများကို ပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က ဆေးရုံအတွက် ဆေးဝါးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ဆေးရုံမှ လက်ထောက်ဆရာဝန် ဒေါက်တာမျိုးဇော်ဟိန်းက လက်ခံသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

## ဖြည့်ဆည်းမှာကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မက်မန်းမြို့ မြို့နယ်ခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို မေးမြန်းဖြည့်ဆည်းမှာကြားသည်။



**အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း မိုင်းယန်းမြို့ မြို့နယ်ခန်းမ၌ ဇီဝဘက်ထရီဖြင့် လျှပ်စစ်မီးထွန်းနိုင်မှုနှင့် ဇီဝဘက်ထရီ ပြုလုပ်နည်းတို့ကို ရှင်းလင်းပြသစဉ်။** (သတင်းစဉ်)

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က မြို့နယ်အတွက် ထောက်ပံ့ပစ္စည်းများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံ ပေးအပ်သည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် ဝန်ကြီးများက အားကစားပစ္စည်းများ၊ အဝတ်အထည်များနှင့် ဆေးဝါးပစ္စည်းများကို တာဝန်ရှိသူများအား ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်က ဇီဝဘက်ထရီဖြင့် လျှပ်စစ်မီးထွန်းနိုင်မှုနှင့် ဇီဝဘက်ထရီပြုလုပ်နည်းတို့ကို တက်ရောက်လာသူများအား ရှင်းလင်းပြသသည်။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မက်မန်းမြို့မှ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ မွန်းလွဲ ၁ နာရီတွင် ကျိုင်းတုံခရိုင် မိုင်းခတ်မြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား မိုင်းခတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငြိမ်းထွေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားများက ကြိုဆိုကြသည်။

## ကြည့်ရှုအားပေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မိုင်းခတ်မြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ဆေးရုံတက်ရောက်ကုသနေသော လူနာများအား လှည့်လည် ကြည့်ရှုအားပေးကြကာ ထောက်ပံ့ငွေများကို ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆေးရုံရှိ ခွဲစိတ်ဆောင်၊ ဓာတ်မှန်ခန်းနှင့် ဆေးသိုလှောင်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံအတွက် ဆေးဝါးပစ္စည်းများကို ပေးအပ်ရာ ဆေးရုံအုပ်ကြီး ဒေါက်တာခင်မောင်တင်က လက်ခံသည်။

## စီမံချက်ချမှတ်ဆောင်ရွက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ကျေးလက်ဒေသများသို့ ကွင်းဆင်း၍ ပြည်သူများအား ကျန်းမာရေး အသိပညာပေးရေး၊ ရောဂါကြိုတင်ကာကွယ်နည်းများကို သင်ကြားပြသရေးနှင့် ဆေးဝါးကုသရေးလုပ်ငန်းများကို စီမံချက်ချမှတ်ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မိုင်းခတ်မြို့ မြို့နယ်ခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ မိုင်းခတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက မြို့နယ်အတွင်း စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

## အမှာစကားပြောကြား

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားသည်။

ယင်းနောက် အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်က ဇီဝဘက်ထရီဖြင့် လျှပ်စစ်မီးထွန်းနိုင်မှုနှင့် ဇီဝဘက်ထရီပြုလုပ်နည်းတို့ကို တက်ရောက်လာသူများအား ရှင်းလင်းပြသသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က မြို့နယ်အတွက် အားကစားပစ္စည်းများနှင့် ထောက်ပံ့ပစ္စည်းများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံ ပေးအပ်သည်။

## အဝတ်အထည်များပေးအပ်

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးများက မြို့နယ်အတွက် အဝတ်အထည်များနှင့် ထောက်ပံ့ပစ္စည်းများကို တာဝန်ရှိသူများထံ ပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် မိုင်းခတ်မြို့မှ ထွက်ခွာလာကြရာ ညနေပိုင်းတွင် ကျိုင်းတုံမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

## တက်ညီလက်ညီ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံခရိုင်အတွင်းရှိ မြို့နယ်များသို့ လှည့်လည် သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆိုင်ရာများ ဖြည့်ဆည်းပေးပြီး ရှမ်းပြည်နယ် (အရှေ့ပိုင်း)သည် အိမ်နီးချင်းနိုင်ငံများနှင့် နယ်နိမိတ်ချင်း ဆက်စပ်နေသည့်အတွက် ဒေသအတွင်း ဆက်ဆံရေးနှင့် ကူးသန်းရောင်းဝယ်မှု အရေးပါမှုအခြေအနေ၊ လူမျိုးစွဲ၊ ဒေသစွဲ၊ ဝါဒစွဲများဖြင့် လက်နက်စွဲကိုင် တိုက်ခိုက်ခဲ့ကြသည့် သောင်းကျန်းမှုအန္တရာယ်ကြောင့် ဒေသဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရမှုအခြေအနေနှင့် အေးချမ်းတည်ငြိမ်မှု၊ လုံခြုံမှုကို ထိန်းသိမ်းကာကွယ်သွားကြရမည့် အခြေအနေ၊ တပ်မတော်အစိုးရက တိုင်းရင်းသားအားလုံး ဆူကြုံနိမ့်မြင့် ကွာဟမှုနည်းပါးပြီး မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ကျသည့် အထူးဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးနေမှုအခြေအနေ၊ နယ်မြေဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံအကျဆုံးဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးတို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ယခင်ကနှင့်မတူ သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာမှု၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် ချမှတ်ထားသည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို တစိုက်မတ်မတ် အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ တိုင်းရင်းသားပြည်သူများ အတည်ပြုပြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ၂၀၁၀ပြည့်နှစ်တွင် ကျင်းပမည့်ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးကို ပြည်သူများက တာဝန်တစ်ရပ်အဖြစ် ခံယူဆောင်ရွက်ရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့်အတူ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ရေးတို့ကို အသေးစိတ် ရှင်းလင်းမှာကြားသည်။

**(သတင်းစဉ်)**



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မိုင်းဖြတ်မြို့နယ်အတွက် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။ (သတင်းစဉ်)

*စာမျက်နှာ ၃ မှ*

## ကွင်းဆင်းပညာပေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က ကျန်းမာရေးဝန်ထမ်းများအား နိုင်ငံတော်၏ ကျန်းမာရေး ရည်မှန်းချက်သည် နိုင်ငံသားတိုင်း ရောဂါဘယကင်းဝေးပြီး သက်တမ်းစေ့ နေထိုင်နိုင်ရေးဖြစ်ကြောင်း၊ ယင်းရည်မှန်းချက် အောင်မြင်ရေးအတွက် ကျေးလက်ဒေသများအထိ ကွင်းဆင်း၍ ပြည်သူများအား ကျန်းမာရေး အသိပညာပေးရေး၊ ရောဂါ ကြိုတင်ကာကွယ်နည်းများ သင်ကြားပြသရေးနှင့် ဆေးဝါးကုသပေးရေးတို့ကို စနစ်တကျ စီမံချက် ချမှတ်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း မှာကြားသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ဆေးရုံအတွက် ဆေးဝါးပစ္စည်းများကို ခရိုင် ကျန်းမာရေးဦးစီးမှူးထံ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တာချီလိတ်မြို့ရှိ ဓမ္မသီရိ သံဃာ့ဆေးရုံ တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

## ဖွံ့ဖြိုးတိုးတက်မှုကြည့်ရှု

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ညနေ ၃ နာရီ မိနစ် ၂၀ တွင် တာချီလိတ်မြို့မှ မော်တော်ယာဉ်ဖြင့် တာချီလိတ်-မိုင်းဖြတ်-ကျိုင်းတုံလမ်းအတိုင်း ထွက်ခွာလာပြီး လမ်းတစ်လျှောက်ရှိ ကျေးရွာများ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် လမ်းပိုင်းအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ညနေ ၄ နာရီ မိနစ် ၄၀ တွင် မိုင်းဖြတ်မြို့သို့ ရောက်ရှိကြရာ မိုင်းဖြတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးလင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မိုင်းဖြတ်မြို့ ဘုရင့်နောင်ခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ သိလိုသည်များကိုမေးမြန်းပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က မြို့နယ်အတွက် အားကစားပစ္စည်းများကို ထောက်ပံ့ပေးအပ်ရာ မိုင်းဖြတ်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်းက လက်ခံသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးများက အဝတ်အထည်များနှင့် ပံ့ပိုးပစ္စည်းများကို တာဝန်ရှိသူများထံ ပေးအပ်ကြသည်။

## ရှင်းလင်းပြသ

ယင်းနောက် အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းက ဇီဝဘက်ထရီဖြင့် လျှပ်စစ်မီးထွန်းနိုင်မှုနှင့် ဇီဝဘက်ထရီ ပြုလုပ်နည်းတို့ကို တက်ရောက်လာသူများအား ရှင်းလင်းပြသသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မိုင်းဖြတ်မြို့မှ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ မိုင်းဖြတ်-ကျိုင်းတုံ မော်တော်ကားလမ်းကို စစ်ဆေးပြီး ညပိုင်းတွင် ကျိုင်းတုံမြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## ကြည့်ရှုအားပေး

**အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း မြိုင်မြို့နယ်ရှိ စက်နှင့် စက်ကိရိယာပစ္စည်း ထုတ်လုပ်မှုစက်ရုံတွင် ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။**

(သတင်းစဉ်)



# စက်နှင့်စက်ကိရိယာပစ္စည်းထုတ်လုပ်မှုစက်ရုံ(မြိုင်) ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၂၇**

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် ဧပြီ ၂၅ ရက်က စက်မှုသင်တန်းကျောင်း ပခုက္ကူစီမံကိန်း (Industrial Training Center) လုပ်ငန်းခွင်သို့ရောက်ရှိရာ တာဝန်ရှိသူများက စီမံကိန်း ဆောင်ရွက်ပြီးစီးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက မြို့ပြလုပ်ငန်းများ မြန်ဆန်စွာဆောင်ရွက်ရေးနှင့် စက်ကိရိယာများရောက်ရှိက အဆင်သင့်ဖြစ်စေရေး၊ လာမည့်မိုးရာသီတွင် ဒေသနှင့်ကိုက်ညီသော အရိပ်ရပင်များဖြင့် စနစ်တကျ စီမံစိုက်ပျိုးသွားရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ဧပြီ ၂၆ ရက်တွင် မြိုင်မြို့နယ်ရှိ စက်နှင့်စက်ကိရိယာပစ္စည်း ထုတ်လုပ်မှုစက်ရုံသို့ ရောက်ရှိပြီး ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကာ ထုတ်လုပ်လျက်ရှိသည့် စက်ပစ္စည်းများမှာ အဆင့်မြင့်စက်ကိရိယာများဖြစ်၍ တိကျမှန်ကန်စေရေး၊ အရည်အသွေးမကျရေး အလေးထားဆောင်ရွက်ရန်နှင့် အလုပ် ကြိုးစား စေတနာထား တီထွင်ကြံဆထုတ်လုပ်သွားရန် မှာကြားသည်။ ယင်းနောက် ဝန်ထမ်းအိမ်ရာများသို့ သွားရောက် ကြည့်ရှုကာ စာကြည့်တိုက်၊ ဆေးခန်းနှင့် အားကစားကွင်းတည်ဆောက်ရန် မှာကြားပြီး စက်ရုံစုဝေးခန်းမ၌ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံအောက်ပိုင်းဒေသများ၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**ရန်ကုန် ဧပြီ ၂၇**

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက မွန်ပြည်နယ်၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ကယားပြည်နယ်၊ ဧရာဝတီတိုင်းနှင့်ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၆ဒီဂရီစင်တီဂရိတ်မှ ၇ဒီဂရီစင်တီဂရိတ်အထိ၊ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ် ပိုခဲ့ပြီး ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့် နေ့အပူချိန်များမှာ မုံရွာမြို့နှင့် ပခုက္ကူမြို့တို့တွင် ၄၄ဒီဂရီစင်တီဂရိတ်စီ၊ မန္တလေးမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့နှင့် မင်းဘူးမြို့တို့တွင် ၄၂ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ နေပြည်တော် (တပ်ကုန်း)တွင် ၀ဒသမ ၁၅လက်မ၊ မော်ဘီမြို့တွင် ၁ဒသမ၇၀လက်မ၊ သာယာဝတီမြို့တွင် ၁ဒသမ ၆၁ လက်မ၊ ရွှေကျင်မြို့တွင် ၁ဒသမ ၃၄လက်မ၊ ရေးမြို့တွင် ၁ဒသမ ၀၃လက်မ၊ သံတွဲမြို့တွင် ၀ဒသမ ၇၄လက်မနှင့် ကော့သောင်းမြို့တွင် ၀ဒသမ၆၃လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**ဧပြီ ၂၈ရက် ညနေအထိ ခန့်မှန်းချက်မှာ** ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင်** နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရွာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်** နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

## MRTV - 4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၄-၂၀၀၉ (အင်္ဂါနေ့)

**AM & PM**

| | |
|---|---|
| ၅:၀၀ | MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+မေတ္တာသုတ် |
| ၅:၁၅ | MRTV-4 နံနက်ခင်းသတင်း |
| ၆:၀၀ | **ဓာတုမနသိကာရနှင့် ဣရိယာပထဓမ္မ** တရားတော် (ဆရာတော်ဘဒ္ဒန္တကဉ္စနသာရ) |
| ၇:၀၀ | ရတနာသိုက်ရာပုံတော် (အပိုင်း-၁၈) |
| ၇:၃၀ | TOM & JERRY |
| ၈:၀၀ | MRTV-4 နံနက်ခင်းသတင်း |
| ၈:၄၅ | Sunday Talk |
| ၉:၃၅ | တေးဂီတအစီအစဉ် |
| ၉:၅၅ | ဓာတ်ပုံထဲမှအမှတ်တရများ (အောင်ရဲလင်းနှင့်တွေ့ဆုံခြင်း) |
| ၁၀:၁၀ | ခေတ်များစုံလင်မန္တလာညရဲ့ ဂုဏ်ယူဖွယ်ရာမြန်မာ့အက အသွင်အပြင် |
| ၁၀:၅၀ | Celebrity Profile (Lindsay Lohan) |
| ၁၁:၂၀ | **ချောင်းကမ်းဘေးကရွာကလေး** နွဲ့နွဲ့စန်း၊ထင်ပေါ်၊တီကို၊သဇင် [ဒါရိုက်တာ-မြင့်စိုး(ဝ/သ)ရန်ကုန်] |
| ၁၁:၃၀ | စားချင်စဖွယ်နည်းအသွယ်သွယ် (ဗြိတိန်နိုင်ငံ၏ တော်ဝင်အစားအစာများ ပြုလုပ်နည်း) |
| ၁၁:၅၀ | စက်မှု(၁)၏ စွမ်းပကား ကျန်းမာရေးအတွက်အလေးထား (အင်ရောင်းဆေးဝါးစက်ရုံ) |
| ၁၂:၀၅ | Music Gallery (သမ္ဘာရဂြိုဟ်သားများ) |
| ၁:၀၀ | **ဓာတုမနသိကာရနှင့် ဣရိယာပထဓမ္မ** တရားတော် (ဆရာတော်ဘဒ္ဒန္တကဉ္စနသာရ) |
| ၂:၀၀ | Fashion Music Festival (Jeans Fashion) |
| ၂:၃၀ | ဓာတ်တော်ရှင်ကျိုက်ထီးရိုးစေတီတော် (ရှမ်းပြည်နယ်မြောက်ပိုင်း) |
| ၂:၄၅ | Internet Directory (Net Master) |
| ၂:၅၅ | နွေရဲ့လှေ |
| ၃:၂၅ | ကြည်ညိုဖူးမြော်ပုပ္ပားတောင်ကလပ်စေတီတော် |
| ၃:၄၀ | ဝါယာသာစည်လျှပ်စစ်မြစ်ရေတင်လုပ်ငန်းနှင့် ဖွံ့ဖြိုးတိုးတက်နေသော ဇီးတောစံပြကျေးရွာ |
| ၄:၀၀ | Cartoon Show Time (Ratatouille) |
| ၄:၃၅ | Omega-3 Fatty Acids |
| ၄:၅၅ | တေးဂီတအစီအစဉ် |
| ၅:၁၅ | Activities in the City (အထက-၁၊လသာ အာစရိယပူဇော်ပွဲ) |
| ၅:၂၅ | ရွက်ခေါက်သီးမြစ်တို့၏ ကောင်းကျိုးဆိုးပြစ်(အပိုင်း-၁) |
| ၅:၄၅ | ဓာတ်ပုံထဲမှအမှတ်တရများ (အောင်ရဲလင်းနှင့် တွေ့ဆုံခြင်း) |
| ၆:၀၀ | MRTV-4 ညနေခင်းသတင်း |
| ၆:၁၅ | စားချင်စဖွယ်နည်းအသွယ်သွယ် (ဗြိတိန်နိုင်ငံ၏တော်ဝင်အစားအစာများပြုလုပ်နည်း) |
| ၆:၃၀ | Fashion Music Festival (Jeans Fashion) |
| ၇:၀၅ | အနုပညာရပ်ဝန်းမှရင်ခုန်သံများ ကြိုးတန်း |
| ၇:၃၀ | Celebrity Profile (Lindsay Lohan) |
| ၈:၀၀ | MRTV-4 သတင်း |
| ၈:၁၅ | Sunday Talk |
| ၉:၀၅ | **တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူ မွေးမြူ တို့အတူ** (ငါးမျိုးဗီဇမြှင့်တင်ရေးလုပ်ငန်း) |
| ၉:၃၀ | ရတနာသိုက်ရာပုံတော် (အပိုင်း-၁၈) |
| ၁၀:၀၀ | ကဏ္ဍစုံလင်အားကစားအစီအစဉ် |
| ၁၁:၄၅ | Music Gallery (သမ္ဘာရဂြိုဟ်သားများ) |
| ၁၂:၃၅ | ကြည်ညိုဖူးမြော်ပုပ္ပားတောင်ကလပ်စေတီတော် |
| ၁:၀၀ | အစီအစဉ်ပြီး၏။ |

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHFတီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

**Champions League Semi-Final First League ဘောလုံးပွဲစဉ်**

| နံနက်ပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၁:၀၀ | Barcelona-Chelsea | ESPN (Live) |

# မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအကြောင်း သိကောင်းစရာ

**အေးဖြူ**

ယနေ့ ကျွန်ုပ်တို့နိုင်ငံကို ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံကြီးဖြစ်အောင် နိုင်ငံတော်အစိုးရက အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်ပေးနေသည်ကို အားလုံးအသိ ဖြစ်ပါသည်။ ဖွံ့ဖြိုးရေးအတွက် အခြေခံကောင်းများကိုလည်း ပြည်နယ်၊ တိုင်းဒေသအသီးသီးတွင် ဖန်တီးပေးနေသည်။ ပြည်နယ်နှင့်ပြည်မ၊ တောင်ပေါ်နှင့်မြေပြန့်၊ ကျေးလက်နှင့် မြို့ပြများတွင်လည်း ဖွံ့ဖြိုးမှုကွာဟချက် မရှိရလေအောင် နယ်စပ်ဒေသ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို စီမံကိန်းများဖြင့် စနစ်တကျ အကောင်အထည်ဖော်ပေးလျက်ရှိပါသည်။ ဤသို့ နိုင်ငံတော်အစိုးရမှ နည်းမျိုးစုံဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အားထည့်ဆောင်ရွက်နေချိန်တွင် အမျိုးသားရေးအင်အားစုတစ်စုဖြစ်သည့် NGOs ခေါ် အစိုးရ မဟုတ်သည့် လူမှုရေးအဖွဲ့အစည်းများအနက်မှ တစ်ခုအပါအဝင်ဖြစ်သော မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် နိုင်ငံဖွံ့ဖြိုးရေးနှင့် နိုင်ငံသားများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် မိမိတို့တတ်စွမ်းသမျှ တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ပေးလျက်ရှိပါသည်။

## အသင်း၏ မူလအစနှင့် ရည်ရွယ်ချက်

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကို စေတနာ့ဝန်ထမ်းလူမှုရေး အဖွဲ့အစည်းတစ်ခုအဖြစ် ဥပဒေအမှတ် (၂၁/၉၀)ကို ထုတ်ပြန်၍ ၁၉၉၁ခုနှစ် ဧပြီလ ၃၀ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါသည်။ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မိခင်နှင့်ကလေးများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး စောင့်ရှောက်မှုများပေးခြင်းဖြင့် မိသားစုများ၏ ဘဝအဆင့်အတန်း မြင့်မားလာစေရေးကို အထောက်အကူပြုရန် ဖြစ်သည်။

## အသင်း၏ ယနေ့အနေအထား

အသင်း၏ဖွဲ့စည်းပုံအရ အလုပ်အမှုဆောင်အဖွဲ့ဝင် ၁၅ဦး အပါအဝင် ဗဟိုကောင်စီ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့များ အဆင့်ဆင့်ဖြင့် အသင်း၏လုပ်ငန်းဆောင်ရွက်မှုများကို သွက်လက်မြန်ဆန်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် အားဖြည့်ကူညီကြီးကြပ်ပေးလျက်ရှိပါသည်။ နှစ်စဉ် နှစ်ပတ်လည် အစည်းအဝေးကို ပြုလုပ်ခဲ့သည်မှာ ယနေ့ဆိုလျှင် (၁၉)ကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေး စတင်ကျင်းပနေပြီ ဖြစ်ပါသည်။ ၂၀၀၈ခုနှစ် ဒီဇင်ဘာလ ၃၁ရက်နေ့အထိ မြို့နယ်အသင်းပေါင်း၃၂၅သင်း၊ အသင်းခွဲပေါင်း၂၁၄၅၄သင်းနှင့် ကျား/မ အသင်းဝင်အင်အား စုစုပေါင်း၁၁၁၆၉၇၄၀ဖြင့် တိုးတက်ဖွဲ့စည်းနိုင်ခဲ့ပြီ ဖြစ်သည်။

## လုပ်ငန်းဆောင်ရွက်မှု(၄)ရပ်

မိခင်နှင့်ကလေးများကို ဦးတည်လျက် ကျေးလက်ဒေသ ဝေးလံသောနေရာများအထိ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးစောင့်ရှောက်မှုလုပ်ငန်းများ ရောက်ရှိနိုင်အောင် ဆောင်ရွက်ခြင်းဖြင့် မိသားစုများ၏ လူနေမှုဘဝကို မြင့်မားစေရေးအတွက် တစ်ဖက်တစ်လမ်းမှ ကြိုးပမ်းကူညီပေးလျက်ရှိသည်။

## ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ

ပြည်နယ်နှင့် တိုင်းအသီးသီးရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များအနေဖြင့် ပြည်သူလူထုအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပါဝင်ကူညီနေကြသည်။

**ငှက်ဖျား၊ တီဘီ၊ အနာကြီး၊ သွေးလွန်တုပ်ကွေးစသည့် ကူးစက်ရောဂါကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများတွင် အသိပညာပေးခြင်း၊ လူနာရှာဖွေဖော်ထုတ်ပေးခြင်း၊ သံသယရှိသော လူနာများအား စည်းရုံးကာ ကျန်းမာရေးဌာနများသို့ ဆက်သွယ်ညွှန်းပို့ပေးခြင်း၊ ဆေးကျွေးစီမံချက်များအတွက် စာရင်းဇယားကောက်ယူခြင်း၊ လူနာအား ဆေးတိုက်ကျွေးခြင်းများအပြင် လိုအပ်သော အရင်းအနှီး ပံ့ပိုးကူညီခြင်းများကို အသင်းဝင်များက ကျန်းမာရေးဌာနနှင့် အခြားလူမှုရေး အဖွဲ့အစည်းဝင်များနှင့်အတူ ပူးပေါင်းဆောင်ရွက်သည်။**

အမျိုးသားကာကွယ်ဆေးတိုက်သည့်လုပ်ငန်းများ၊ ပတ်ဝန်းကျင်ကျန်းမာရေး လုပ်ငန်းများ၊ အခြားရာသီအလိုက် ကူးစက်ဖြစ်ပွားတတ်သည့်ရောဂါများ၊ ဝမ်းပျက်ဝမ်းလျှော၊ သန်ကောင်၊ ကြက်ငှက်တုပ်ကွေးရောဂါစသည်တို့နှင့်ပတ်သက်၍ အသိပညာပေးခြင်း၊ တစ်ကိုယ်ရေကျန်းမာသန့်ရှင်းရေးနည်းပညာများ သင်ကြားလေ့ကျင့်ပေးခြင်းနှင့် ကာကွယ်ခြင်းလုပ်ငန်းများ၌လည်း ကူညီဆောင်ရွက်ပေးပါသည်။

အိုင်အိုဒင်းဓာတ် ချို့တဲ့မှုကြောင့် ကလေးငယ်များ၌ ဉာဏ်ရည်မမီခြင်း၊ လူလတ်လူကြီးများ၌ လည်ပင်းကြီးရောဂါဖြစ်ပွားခြင်းတို့မှ ကာကွယ်ရန် ကျန်းမာရေး ပညာပေးခြင်း၊ အိုင်အိုဒင်းဆား အရည်အသွေးစစ်ဆေးခြင်း၊ အိုင်အိုဒင်းဆားများ ထောက်ပံ့ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

အသင်းကြီး၏ မွန်မြတ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတစ်ခုမှာ ပြည်နယ်နှင့်တိုင်းအသီးသီးတွင် မိခင်နှင့်ကလေးအသင်းဝင်များက မိမိတို့ဒေသအတွင်း နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲသူများကို ရှာဖွေဖော်ထုတ်၊ စည်းရုံးကူညီ၍ ခွဲစိတ်ပြုပြင်မှုများ ခံယူနိုင်အောင် ကူညီပံ့ပိုး စီစဉ်ဆောင်ရွက်ပေးကြခြင်းဖြစ်သည်။

ပြည်သူလူထုအတွင်း ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များ၊ ရောဂါကာကွယ်ခြင်း၊ ကုသခြင်းဆိုင်ရာ နည်းပညာများ မှန်ကန်စွာ ပျံ့နှံ့ ရောက်ရှိစေရန်အတွက် ပြည်သူလူထုအား ပညာပေးခြင်းကို နည်းလမ်းအသွယ်သွယ်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူများ ကျန်းမာရေးအသိပညာများတိုးပွား၍ ကျန်းမာရေးနှင့်ညီညွတ်သော အလေ့အထ၊ အပြုအမူကောင်းများ ပြောင်းလဲဖြစ်ပေါ်လာစေနိုင်ရန် ရည်ရွယ်ပါသည်။

အသင်းပိုင်သားဖွားခန်း (၁၁၉)ခန်း များ၌လည်း မိခင်သေနှုန်း၊ ကလေးသေနှုန်း ကျဆင်းစေရေးအတွက် ပါဝင်ကူညီလျက်ရှိသည်။ ဆေးရုံ၊ ဆေးခန်းများနှင့် ဝေးသည့်ဒေသများ၌ ဒေသတွင်းမှ ကိုယ်ဝန်ဆောင်မိခင်များအတွက် စနစ်တကျ ကိုယ်ဝန်စောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ အသင်းပိုင်သားဖွားခန်းများတွင် တာဝန်ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ အသင်းဝင် စေတနာ့ဝန်ထမ်းများကို နှစ်စဉ် ကျန်းမာရေးဝန်ကြီးဌာန၏ (၁၈)လ သားဖွားဆရာမသင်တန်းသို့ တက်ရောက်ခွင့်ရစေရန် ညှိနှိုင်းစီစဉ်ပေးသည့်အပြင် ပြည်နယ်နှင့်တိုင်းအသီးသီး၌ ကြီးကြပ်အဖွဲ့များမှ ဦးစီးမှုပြုလျက် ဒေသခံအရန် သားဖွားဆရာမများကိုလည်း မွေးထုတ်ပေးလျက်ရှိသည်။ အခြေခံကျန်းမာရေးဝန်ထမ်းများနှင့်အတူ လက်တွဲကူညီဆောင်ရွက်ရင်း ကိုယ်ဝန်ဆောင်မိခင်များအတွက် လုံခြုံစိတ်ချ မိခင်ဘဝရရှိနိုင်ရေး ကူညီပေးနေပါသည်။

အန္တရာယ်ရှိသော ကိုယ်ဝန်ဆောင်များအတွက် အချိန်မီဆေးရုံ၊ ဆေးခန်းနှင့်နီးသောနေရာတွင် ရောက်ရှိနေပြီး မွေးဖွားချိန်ကို စိတ်ချစွာစောင့်ဆိုင်းနေနိုင်စေရန် မိခင်ရင်သွေးကျန်းမာရေးရိပ်မြုံ (Maternity Waiting Home) များကို UNFPA ခေါ် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့နှင့် ပူးပေါင်း၍ ဗန်းမော်၊ ပင်းတယ၊ ပေါင်၊ ကလေးနှင့် ကန်ကြီးထောင့်မြို့နယ် ငါးနေရာ၌ ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ဆက်လက်၍ ဘိုကလေး၊ လပွတ္တာ၊ ငဖဲ၊ ကောလင်း၊ မင်းကုန်းတို့၌ ဖွင့်လှစ်နိုင်ရန် စီစဉ်လျက်ရှိသည်။

**မိခင်မှ ကလေးသို့ (HIV)ပိုး ကူးစက်မှု ကာကွယ်တားဆီးခြင်းဆိုင်ရာ PMCT လုပ်ငန်းကို အသင်းပိုင်သားဖွားခန်းငါးခုနှင့် ဗဟို PMCT ဌာန၌ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF)၏ ကူညီမှုဖြင့်လည်းကောင်း၊ အခြားမြို့နယ်များ၌ မိမိအသင်း ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ဆက်လက်၍ သားဖွားခန်းအခြေပြု PMCT လုပ်ငန်းကို လွှမ်းခြုံမှု ပိုအားကောင်းစေရန် တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။**

မိခင်နှင့်ကလေးများ၏ အာဟာရဖွံ့ဖြိုးရေးအတွက် ပြည်နယ်နှင့်တိုင်းအသီးသီးတွင် လူထုအခြေပြု အာဟာရကျွေးမွေးသည့်ဌာနများ (Community Nutrition Centre)၊ ကျေးရွာအာဟာရဘဏ်များ(Village Food Bank) သို့တည်းမဟုတ် အသင်းရုံး တည်ရှိရာနေရာများ စသည်တို့၌ အသက်ငါးနှစ်အောက် ကလေးငယ်များအတွက် အာဟာရဖြည့်တင်းရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ အာဟာရချို့တဲ့သည့် ကလေးငယ်များ စာရင်းကောက်ယူ၍ ပုံမှန်ကိုယ်အလေးချိန် ချိန်တွယ်ခြင်း၊ အာဟာရပြည့်မီမှု ရှိမရှိ စိစစ်မှတ်တမ်းတင်ခြင်း၊ ဖြည့်စွက်အာဟာရကျွေးမွေးခြင်းများကို ပြုလုပ်ပေးသည်။ အိမ်ရှင်မများ အာဟာရပြည့်ဝစွာ ချက်ပြုတ်တတ်စေရေးအတွက်လည်း အာဟာရချို့တဲ့မှု ရောဂါအကြောင်း ပညာပေးချက်ပြုတ်နည်း သရုပ်ဖော်ပြသပေးခြင်းများကို အခါအားလျော်စွာ စီစဉ်ဆောင်ရွက်ပေးကြသည်။

အိမ်ရှင်မများအတွက် မိသားစု ကျန်းမာရေးစောင့်ရှောက်မှု၌ အထောက်အကူပြုစေရန် တိုင်းရင်းဆေးသင်တန်းများကို နိုင်ငံအနှံ့ ပြည်နယ်၊ တိုင်းများ၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ အဓိကအားဖြင့် အမျိုးသမီးများ တိုင်းရင်းဆေးပညာ ဗဟုသုတတိုးမြင့်လာစေရန်နှင့် လက်တွေ့ကျင့်သုံးနိုင်စေရေးအတွက် ဆောင်ရွက်ပေးခြင်း ဖြစ်သည်။

အိမ်တိုင်ရာရောက် ပြုစုစောင့်ရှောက်ခြင်းအစီအစဉ်ဖြင့် နာတာရှည်ဝေဒနာရှင်များကို ကူညီစောင့်ရှောက်ပေးခြင်း လုပ်ငန်းများတွင်လည်း အခြားလူမှုရေး အဖွဲ့အစည်းဝင်များနှင့်အတူ လက်တွဲ ပါဝင်ဆောင်ရွက်ခဲ့သည်။

နေပြည်တော်သို့ အသင်းရုံး မရွှေ့ပြောင်းမီက ရန်ကုန်ရှိ အသင်း၏ဘက်စုံအဆောက်အအုံဝင်းအတွင်း ရောဂါရှာဖွေရေးဆေးခန်းကို ၁၉၉၉ ခုနှစ်မှ စတင်ဖွင့်လှစ်ပြီး အမျိုးသမီးများတွင် အဖြစ်များသည့် သားအိမ်လည်တံ ကင်ဆာနှင့် ရင်သားကင်ဆာများကို စောစီးစွာသိရှိကုသနိုင်ရေးအတွက် ဈေးနှုန်းသက်သာစွာ ဆောင်ရွက်ပေးလျက်ရှိသည်။ Pap Smear, Colposcope ဖြင့် အသားမျှင်စစ်ဆေးရန် ထုတ်ယူခြင်း၊ Mammogram ဖြင့် ရင်သားကင်ဆာ စမ်းသပ်ပေးခြင်း၊ လိုအပ်လျှင် ညွှန်းပို့ပေးခြင်း၊ အသိပညာ ဆွေးနွေးခြင်းများ ပြုလုပ်ဆောင်ရွက်ပေးခဲ့သည်။ ၂၀၀၈ ခုနှစ် ဇန်နဝါရီလတွင် ဓာတ်ခွဲခန်း စမ်းသပ်စစ်ဆေးခြင်း၊ အရိုးပွရောဂါ စမ်းသပ်စစ်ဆေးခြင်းနှင့် အထွေထွေ ဓာတ်မှန်ရိုက်စက်ကြီးတို့ကိုထားရှိလျက် ဆေးကုသမှုများကို အထောက်အကူပြုစေရန် တိုးချဲ့ဖွင့်လှစ်၍ ဝန်ဆောင်မှုပေးခဲ့ပါသည်။

**နေပြည်တော်သို့ အသင်းရုံးရွှေ့ပြောင်းပြီးနောက် အသင်းအနေဖြင့် ကျန်းမာရေး ဝန်ဆောင်မှုများ ပိုမိုပေးနိုင်စေရန် ရည်သန်၍ မေတ္တာစမ်းရေဆေးခန်းကို ၂၈-၄-၂၀၀၉ ရက်နေ့တွင် စတင်ဖွင့်လှစ်ထားပါသည်။ မူလရောဂါရှာဖွေရေး ဆေးခန်းဝန်ဆောင်မှုများအပြင် ကိုယ်ဝန်ဆောင်မိခင်များအတွက် ခုတင်၁၀လုံးဆံ့ သားဖွားခန်းကိုပါတွဲ၍ ထားရှိသွားမည်ဖြစ်သည်။ အသင်းရုံးတည်ရှိရာ နေပြည်တော် ဒက္ခိဏသီရိနှင့် နေပြည်တော် လယ်ဝေးတစ်ဝိုက်မှ အများပြည်သူများအားထားနိုင်သည့် ဆေးခန်းတစ်ခုအဖြစ် ပိတ်ချိန်မရှိ၂၄နာရီအဖိုးနှုန်းသက်သာစွာ ကျန်းမာရေးစောင့်ရှောက်မှုပေးသွားရန် စီစဉ်ထားပါသည်။**

## ပညာရေးဆိုင်ရာလုပ်ငန်းများ

ပညာရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော်နေသည့် လူတိုင်းအတွက်ပညာရေး Education for All လုပ်ငန်းတွင် ပါဝင်ပူးပေါင်းကူညီလျက်ရှိသည်။ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေး၊ မူလတန်းပညာပြီးမြောက်အောင် သင်ယူနိုင်ရေးများ၌ အသင်းဝင်များက လူအား၊ ငွေအားဖြင့် ကူညီပေးနေပါသည်။ မူကြိုအရွယ်ကလေးငယ်များကို ပြုစုပျိုးထောင်ပေးရန်နှင့် မိမိသားငယ်၊ သမီးငယ်များကို လုံခြုံစိတ်ချရပြီး တစ်သက်တာ အခြေခံကောင်းများလေ့ကျင့်ပျိုးထောင်ပေးသည့် မူကြိုကျောင်းများ၌ ထားခဲ့နိုင်သဖြင့် မိခင်များအနေဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများ လုပ်နိုင်ရန်ရည်ရွယ်ပြီး နိုင်ငံအနှံ့ အသင်းပိုင် မူကြိုကျောင်းပေါင်း ၁၂၇၅ကျောင်း ဖွင့်လှစ်သင်ကြားပေးနေပါသည်။

စာမတတ်သူပပျောက်ရေးအတွက် 'အ'သုံးလုံး သင်တန်းများကို ဖွင့်လှစ်ပေးခြင်း၊ စာဖတ်ရှိန်မြင့်အောင် စာဖတ်ဝိုင်းများ စည်းရုံးဆောင်ရွက်ပေးခြင်းတို့အပြင် ကျောင်းချိန်တွင် စာသင်ခန်းတွင်းမရောက်နိုင်ဘဲ မိသားစုဝင်ငွေရှာဖွေပေးနေရသည့် ကျောင်းသားအရွယ် လူငယ်များအတွက် စေတနာညကျောင်းများကို အတန်းစဉ်အလိုက် သင်ကြားပေးနိုင်အောင် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ မြို့ရွာအချို့တွင်သာ ပြုလုပ်နိုင်သေး၍ လိုအပ်သည့်နေရာတိုင်း၌ ဆောင်ရွက်မှုပေးနိုင်အောင် ပိုမို ကြိုးစားသွားရမည် ဖြစ်ပါသည်။

## စီးပွားရေးဆိုင်ရာလုပ်ငန်းများ

အသင်းကြီးအနေဖြင့် အမျိုးသမီး စွမ်းပကားမြင့်မားစေမှု (Women Empowerment)အတွက် ရည်ရွယ်ကာ ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဒေသနှင့်လျော်ညီသော အသက်မွေးဝမ်းကျောင်း အတတ်ပညာ၊ စက်ချုပ်၊ ပန်းထိုး၊ အချက်အပြုတ် သင်တန်းစသည်များကို ပြည်နယ်နှင့်တိုင်း အသီးသီး၌ ဖွင့်လှစ်သင်ကြားပေးသည်။ စက်ချုပ်သင်တန်း ပြီးဆုံးသွားလျှင် လိုအပ်သော အပ်ချုပ်စက်ကို အရစ်ကျစနစ်ဖြင့် ရောင်းပေးပါသည်။

**ဝင်ငွေတိုးလုပ်ငန်းလုပ်ရန် ဆန္ဒရှိပြီး ငွေရင်းမရှိသူများအတွက်လည်း အသေးစားချေးငွေများ ထုတ်ချေးခြင်းဖြင့် လုပ်ငန်းစနိုင်အောင် အကူအညီပေးသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးမှအစ အသေးစား အိမ်တွင်းလုပ်ငန်းလေးများအတွက်လည်း ချေးငွေကူညီခြင်းများကို ပြည်နယ်၊ တိုင်းအသီးသီး၌ ဆောင်ရွက်ပေးလျက်ရှိသည်။**

## လူမှုရေးဆိုင်ရာလုပ်ငန်း

လူမှုရေးဆိုင်ရာလုပ်ငန်းများအနေဖြင့် ဆေးရုံ၊ ဘုန်းတော်ကြီးကျောင်း၊ ပရဟိတ ကျောင်းနှင့် အခြားလူမှုအဖွဲ့အစည်းများသို့ ငွေ၊ ဆေးနှင့် ဆေးပစ္စည်း၊ ကျောင်းသုံးစာရေးကိရိယာနှင့် အဝတ်အထည်များ ထောက်ပံ့လှူဒါန်းခြင်း၊ အိမ်တိုင်ရာရောက် သက်ကြီးရွယ်အိုစောင့်ရှောက်မှုလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ခြင်းများကို ပြည်နယ်၊ တိုင်းအသီးသီး၌ ပြုလုပ်လျက်ရှိသည်။ သက်ကြီး ရွယ်အိုများအား ကျန်းမာရေးစောင့်ရှောက်ခြင်း၊ ဆေးဝါးနှင့် ငွေကြေးထောက်ပံ့ခြင်း၊ မျက်စိအတွင်းတိမ် ခွဲစိတ်ကုသပေးခြင်း၊ သွားကျန်းမာရေးစောင့်ရှောက်ခြင်း စသည့်ဆောင်ရွက်မှုများကို ပြည်နယ်၊ တိုင်းအားလုံးလိုလို၌ ပြုလုပ်ပေးလျက်ရှိပါသည်။

**အချုပ်အားဖြင့်ဆိုရလျှင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များတွင် တစ်ထောင့်တစ်ကဏ္ဍမှ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ပါဝင်ဆောင်ရွက်နေသူများဖြစ်သည်။ ဒေသခံအသင်းဝင်များ၏ စေတနာ၊ မေတ္တာတို့ဖြင့် ပြည်သူလူထုကြား အသင်း၏ လုပ်ဆောင်ချက်များ ရောက်ရှိနိုင်အောင် ထဲထဲဝင်ဝင် ကူညီပံ့ပိုးစည်းရုံး ဆောင်ရွက်မှုများကြောင့် အသင်းကြီးအနေဖြင့် မိခင်နှင့်ကလေးအပါအဝင် မိသားစုများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး စောင့်ရှောက်မှုများကို ပံ့ပိုးပေးနိုင်ခြင်း ဖြစ်ပါသည်။**

ဆက်လက်၍လည်း တိုင်းကျိုးပြည်ပြု အသင်း၏လုပ်ငန်းများကို ပိုမိုတိုးတက် ဆောင်ရွက်သွားကြပါစို့ဟု ဆန္ဒပြုအပ်ပါသည်။ အမျိုးသားရေးစွမ်းအားစုတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာ စည်းစည်းလုံးလုံးဖြင့် အသင်းကြီး၏ ဂုဏ်ဝင့်ထည်အောင် ကြံဆောင်နိုင်ကြပါစေ။ ။

**မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များတွင် တစ်ထောင့်တစ်ကဏ္ဍမှ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ပါဝင်ဆောင်ရွက်နေသူများဖြစ်။ ဒေသခံအသင်းဝင်များ၏ စေတနာ၊ မေတ္တာတို့ဖြင့် ပြည်သူလူထုကြား အသင်း၏လုပ်ဆောင်ချက်များ ရောက်ရှိနိုင်အောင် ထဲထဲဝင်ဝင် ကူညီပံ့ပိုးစည်းရုံးဆောင်ရွက်မှုများကြောင့် အသင်းကြီးအနေဖြင့် မိခင်နှင့်ကလေး အပါအဝင် မိသားစုများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးစောင့်ရှောက်မှုများကို ပံ့ပိုးပေးနိုင်ခြင်းဖြစ်။**





ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း အခြေခံပညာကျောင်းအုပ်ချုပ်မှု မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၀၉)ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

# အခြေခံပညာကျောင်းအလိုက် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေး အထက်တန်းတက်ရောက်ချိန်မှသာ သင်ကြားသင်ယူနိုင်ရေးကြိုးပမ်းရုံဖြင့် မလုံလောက် မူလတန်း၊ အလယ်တန်းအဆင့်မှစပြီး သင်ကြားသင်ယူမှုအရည်အသွေး ပြည့်ဝနေရန်လိုအပ်

နေပြည်တော် မေ ၂၇

**ပညာရေးဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သော အခြေခံပညာကျောင်းအုပ်ချုပ်မှု မွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၀၉)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် နေပြည်တော်ရှိ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။**

### တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပြည်နယ်နှင့်တိုင်းများမှ ပညာရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

### အကောင်အထည်ဖော်

ရှေးဦးစွာ ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက အဖွင့်အမှာစကားပြောကြားရာတွင် ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းနေအရွယ်လူငယ်အားလုံး ပညာသင်ယူခွင့်ရရှိရေးနှင့် နိုင်ငံတော်၏ အမျိုးသားပညာရည်မြင့်မားရေး၊ ပညာရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် အဆင့်မြင့်ပညာနှင့် အခြေခံပညာကဏ္ဍအလိုက် ချမှတ်ထားသော ရည်ရွယ်ချက်များနှင့်အညီ နှစ်ရှည်နှစ်တို စီမံကိန်းလုပ်ငန်းစဉ်များကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

အခြေခံပညာရေး ကဏ္ဍအနေဖြင့် နိုင်ငံသားတိုင်း အခြေခံပညာကောင်းစွာ တတ်မြောက်ရေး၊ ကျန်းမာသန်စွမ်းပြီး စာရိတ္တကောင်းမွန်ရေး၊ ကာယ၊ ဉာဏစွမ်းအားဖြင့် မိမိဘဝရပ်တည်နိုင်ရေး၊ အသက်မွေးဝမ်းကျောင်းပညာအခြေခံများရရှိရေး၊ ခေတ်နှင့်အညီ တိုးတက်လာသော သိပ္ပံပညာနှင့်ယဉ်ကျေးမှု၊ အနုပညာ၊ စာပေဆိုင်ရာ ဝိဇ္ဇာပညာများ တတ်မြောက်ရရှိရေး၊ အဆင့်မြင့်တက္ကသိုလ်ပညာ ဆက်လက်သင်ယူနိုင်ရေးအတွက် ကိုယ်ရည်ကိုယ်သွေးနှင့် ပညာအရည်အသွေးများ မြင့်မားပြည့်စုံ တိုးတက်ရေးဆိုင်ရာ ရည်ရွယ်ချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

### အလေးထားဆောင်ရွက်

အထက်ပါရည်ရွယ်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မိဘပြည်သူများ၏ အပြည့်အဝပူးပေါင်းမှု လိုအပ်မည်ဖြစ်ပြီး ပညာရေးဝန်ထမ်းများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၏ကဏ္ဍသည် အဓိကဖြစ်ကြောင်း၊ ပျမ်းမျှအားဖြင့် မြို့နယ်တစ်ခုတွင် အခြေခံပညာကျောင်း ၁၂၀ ကျော် ဖွင့်လှစ်ပေးထားသည့်အတွက် မြို့နယ်အလိုက် ပညာရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နေရသော မြို့နယ်ပညာရေးမှူးများ၊ ပြည်နယ်၊ တိုင်းအလိုက် တာဝန်ယူဆောင်ရွက်နေရသည့် ပြည်နယ်၊ တိုင်းပညာရေးမှူးများ၊ ကျောင်း၊ ရုံး စစ်ဆေးရေးအဖွဲ့များအနေဖြင့် အဆိုပါ ကျောင်းများ၏ သင်ကြား၊ သင်ယူမှုနှင့် စီမံခန့်ခွဲမှုအရည်အသွေးများ အစဉ်တိုးတက်မြင့်မားရေးကို တာဝန်ရှိသူများအနေဖြင့် အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

အခြေခံပညာကျောင်းအလိုက် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် အထက်တန်း တက်ရောက်လာချိန်မှသာ သင်ကြားသင်ယူမှုလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ရုံဖြင့် မလုံလောက်နိုင်ဘဲ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်မှစတင်ပြီး ကျောင်းသား ကျောင်းသူများ၏ သင်ယူတတ်မြောက်မှု အရည်အသွေးပြည့်ဝနေရန် လိုအပ်ကြောင်း၊ အခြေခံပညာကျောင်းများ၏ သင်ကြားသင်ယူမှုလုပ်ငန်းများကို အနီးကပ်ကြပ်မတ်ဆောင်ရွက်နေရသော မြို့နယ်ပညာရေးမှူးများ၏ ကျောင်းအုပ်ချုပ်မှုစွမ်းရည်များ မြင့်မားနေရန် လိုအပ်သည့်အတွက် မြို့နယ်ပညာရေးမှူးများ ကျောင်းအုပ်ချုပ်မှု မွမ်းမံသင်တန်း ဖွင့်လှစ်လေ့ကျင့်ပေးရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မိန့်ကြားခဲ့သည့်အတွက် မြို့နယ် ပညာရေးမှူးများ ကျောင်းအုပ်ချုပ်မှု သင်တန်းကို ၂၀၀၈ ခုနှစ် အောက်တိုဘာလအတွင်းက တစ်ပတ်ကြာ စတင်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း။

### ဆက်စပ်အသုံးချ

အခြေခံပညာကျောင်းအုပ်ချုပ်မှု မွမ်းမံသင်တန်းများကို နှစ်စဉ်ဖွင့်လှစ်လေ့ကျင့်ပေးသွားမည်ဖြစ်သည့်အတွက် ၂၀၀၉-၂၀၁၀ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းအုပ်ချုပ်မှု မွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၀၉)ကို ယနေ့မှစပြီး ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ် လေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း၊ သင်တန်းတွင် ပို့ချပေးမည့် မြို့နယ်ပညာရေးမှူးများ၏ အခြေခံပညာကျောင်းများ၏ စီမံရေး၊ သင်ကြားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ စစ်ဆေးကြပ်မတ်ရမည့် လုပ်ငန်းများကို အသိပညာ ဗဟုသုတရယူရုံ သက်သက်မျှသာ မဖြစ်စေဘဲ အခြေခံပညာကျောင်းများ၏ သင်ကြားသင်ယူမှုနှင့် စီမံခန့်ခွဲမှု အရည်အသွေး မြင့်မားရေးအတွက် ဆက်စပ်အသုံးချ ဆောင်ရွက်နိုင်သည့်အဆင့်အထိ ပို့ချသွားမည်ဖြစ်ပြီး ပို့ချချက်များ အသုံးပြု၍ မြို့နယ်ရုံးများနှင့် ကျောင်းများ၏အားနည်းချက်၊ လိုအပ်ချက်များကို စိစစ်ဖော်ထုတ်ပြီး ထိရောက်သည့် ကြပ်မတ်မှု၊ ဖြည့်ဆည်းမှုများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များဖြစ်သည့် အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ်စွမ်းရည်များ ထက်မြက်မြင့်မားရေး၊ စက်မှုဘာသာရပ် တိုးချဲ့သင်ကြားရေး၊ အခြေခံပညာကျောင်းများ၏ သင်ကြားမှုနှင့် စီမံခန့်ခွဲမှုလုပ်ငန်းများကို စီမံခန့်ခွဲရေးအဆင့်အလိုက်၊ သင်ကြားရေးအဆင့်အလိုက် ထိရောက်စွာ အကောင်အထည်ဖော်ရေးတို့ကို ယခုသင်တန်းက ပို့ချလိုက်သည့် သင်ခန်းစာနှင့် အတွေ့အကြုံများကို အသုံးချပြီး အမျိုးသားပညာရည်မြင့်မားရေးလုပ်ငန်းစဉ်များအဖြစ် ဆက်လက်ကြပ်မတ် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းကို ရက်သတ္တ လေးပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၇၆ ဦး တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များဖြစ်သည့် အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ်စွမ်းရည်များ ထက်မြက်မြင့်မားရေး၊ စက်မှုဘာသာရပ် တိုးချဲ့သင်ကြားရေး၊ အခြေခံပညာကျောင်းများ၏ သင်ကြားမှုနှင့် စီမံခန့်ခွဲမှုလုပ်ငန်းများကို စီမံခန့်ခွဲရေးအဆင့်အလိုက်၊ သင်ကြားရေးအဆင့်အလိုက် ထိရောက်စွာ အကောင်အထည်ဖော်။

## မိခင်နှင့်ကလေးစောင့်ရှောက်ရေး

* မွေးစမှသည် သက်ကြီးဆီ
ပြုစုစောင့်ရှောက်ပေးပါသည်။
* မိခင်ကလေး ကျန်းမာရေး
စောင့်ရှောက်ကာကွယ် ပညာပေး။
* HIVပိုး မကူးစက်ရန်
ဟောပြောဆွေးနွေး အကြံပေးပြန်။
* လုံခြုံစိတ်ချ ကာကွယ်ဖို့
ကွန်ဒုံးသုံးရေး တိုက်တွန်းစို့။
* ကလေးတိုင်း ပညာသင်ကြားရန်
ဝိုင်းဝန်းကူညီ ထောက်ပံ့ပြန်။
* မသန်စွမ်းသူများ ပညာရေး
ဝတ်စုံ စာအုပ် ထောက်ပံ့ပေး။
* အောင်မြင်ချက်မြင့်မားရေးဦးတစ်လီ။
* စာဖတ်ရှိန်တွေ မြှင့်တင်ရေး
စာကြည့်တိုက်တွေ ဖွင့်ကာပေး။
* လူမှုရေးလည်း မလစ်ဟင်းပါ
ဝင်ငွေတိုးရေး ဆောင်ရွက်တာ။
* တစ်နိုင်တစ်ပိုင် စိုက်မွေးရင်း
လိုအပ်ချက်တွေ ဖြည့်ကာရင်း။
* စက်ချုပ်၊ မုန့်လုပ် နည်းပညာ
လူတိုင်းအတွက် သင်ပေးတာ။
* ပန်းအလှ၊ ပန်းခိုင်ပြုလုပ်လို့
ဝင်ငွေတိုးအောင် ဆောင်ရွက်စို့။
* စေတနာကို အရင်းတည်
လုပ်အားဒါန ပြုကာတစ်လီ။
* လူမှုရေးတွေ ဆောင်ရွက်ရင်း
ကုသိုလ်ယူစို့ သူငယ်ချင်း။
မိခင်ကလေးစောင့်ရှောက်ရေးအသင်း။ ။

ခင်ဖြူစင်(ကေတု)

## ပြည်မြန်မာသတင်းဂျာနယ်ဖြန့်ချိ

ရန်ကုန် မေ ၂၇

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၆၆၃)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ “မြန်မာနိုင်ငံ၏ ခေတ်အမီဆုံးနှင့် ခရီးသည်သွားလာမှုအများဆုံးဖြစ်လာမည့် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်သစ်ကြီးတည်ဆောက်နေ၊ အင်ကြင်းကျောက်ကို အဆောင်အဖြစ် လက်ခံသူများလာ၊ ဆောက်လုပ်ရေးကုမ္ပဏီများ ပူးပေါင်းတည်ဆောက်လာကြ၊ နေ့စဉ်စားသုံးနေသော အစားအသောက်များတွင် ဓာတုပစ္စည်းများပါဝင်နိုင်၍ သတိပြုသင့်၊ ရေဓာတ်ငွေ့ထုတ်ကိရိယာကို မီးရထားများတွင် စမ်းသပ်မောင်းနှင်မည်၊ လက်မှတ်အတုဂိုဏ်းပေါ်ပေါက်သဖြင့် လက်ဝှေ့ပြိုင်ပွဲတစ်ပွဲလျှင် ကျပ်သိန်း၂၀ခန့်နစ်နာဆုံးရှုံး၊ နာဂစ်တစ်နှစ်ပြည့် အထိမ်းအမှတ်၊ ဂျေဂျူးမီးတောင်ကျွန်းမကြီးအနီးပင်လယ်ထဲမှ ထွက်ပေါ်လာသည့် မီးတောင်သို့တစ်ခေါက်၊ ဦးခေါင်းတွင်သေနတ်မှန်ထားသော အမျိုးသမီးက ရဲများကိုပင် လက်ဖက်ရည်ဖျော်တိုက်၊ လေယာဉ်ပေါ်တွင် မွေးငယ်လေးကောင်လွတ်မြောက်သွား၍ ခရီးစဉ်နှစ်ခုဖျက်သိမ်းခဲ့ရ၊ လူတစ်ဦး၏ အဆုတ်ထဲ၌ အပင်ပေါက်နေ၊ နှစ်၁၀၀ကျော်အတွင်း ပထမဆုံးအဖြစ် ဆိုမာလီ ပင်လယ်ဓားပြတစ်ဦးကို အမေရိကန်၌ရုံးတင်စစ်ဆေးတော့မည်၊ အချစ်တင့်ကား၊ သူ့အလိုလိုလိမ့်နေသော နှင်းတုံးကြီးများတွေ့ရှိ၊ ကမ္ဘာ့အရပ်အရှည်ဆုံးလူသားအသစ် ထွက်ပေါ်လာ၊ ရေခဲများအရည်ပျော်ကျပြီးနောက် အသည်းနှလုံးပုံရေအိုင် ဖြစ်ပေါ်လာ၊ ကမ္ဘာကြီး၏ အပေါ်ယံအခွံမြေသားထုအား ဖောက်ခွဲပစ်ရန် သိပ္ပံပညာရှင်တို့စီစဉ်၊ ကိုက်၁၀၀၀ အကွာအဝေးအထိ ရွှေ့ပြောင်းပေးနိုင်သောကြောင့် အိမ်ကြီးတစ်လုံးကို အလကားရရှိ၊ ဝက်တုပ်ကွေးကြောင့် မက္ကဆီကိုနိုင်ငံတွင် သေဆုံးသူပေါင်း၁၀၃ဦးရှိပြီ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် အမေရိကန်တို့က အရေးပေါ်အခြေအနေကြေညာထား၊ တကယ့်ဘိုးအင်း(၇၂၇)ဟိုတယ်မှာ တည်းကြမလား၊ သီရိလင်္ကာနိုင်ငံ၏ ပြည်တွင်းစစ်နောက်ဆုံးအဆင့်သို့ရောက်ရှိ၊ အပိုလို-၁၄အာကာသယာဉ်မှူးက ဂြိုဟ်သားများ အမှန်တကယ်ရှိကြောင်း အခိုင်အမာပြောကြား”အပါအဝင် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံကို စာမျက်နှာ ရှစ်မျက်နှာ တိုးမြှင့်ထားသော်လည်း ဈေးနှုန်းတိုးမြှင့်ခြင်းမရှိဘဲ မေတ္တာလက်ဆောင် အချပ်ပိုများနှင့်အတူဖော်ပြထားပြီး အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

**လှူဒါန်းနိုင်**

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

| | | | |
|---|---|---|---|
| (၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ) | ၂၉၆၄ ချပ် | ၁ ချပ် | ကျပ် ၁၆၂၀၀၀၀ နှုန်း |
| (၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ) | ၄၂၀၈ ချပ် | ၁ ချပ် | ကျပ် ၅၈၀၀၀၀ နှုန်း |

**ဆက်သွယ်နိုင်**

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

**ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ**

## အားကစားနည်းပြ မွမ်းမံသင်တန်း အမှတ်စဉ်(၁၅) ဖွင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၇

ပညာရေးဝန်ကြီးဌာန ကာယဆရာ၊ ဆရာမများ အားကစားနည်းပြ မွမ်းမံသင်တန်းအမှတ်စဉ်(၁၅) ဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ရှိ အားကစားနှင့် ကာယပညာသိပ္ပံ၌ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းကို ဇွန် ၁၉ရက်အထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး သင်တန်းသားကာယဆရာ ဆရာမ ၁၄၇ဦး တက်ရောက်ကြကြောင်းသတင်း ရရှိသည်။

(သတင်းစဉ်)

**ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား**

## ပီအက်ဖ်အေ အကောင်းဆုံး ဘောလုံးသမားဆု ဂစ် ဆွတ်ခူး လူငယ်အားကစားသမားဆု အက်ရှ်လေယန်း ရရှိ

လန်ဒန် ဧပြီ ၂၇

မန်ယူကွင်းလယ်ကစားသမား ရိုင်ယန်ဂစ် (အောက်အလယ်ပုံ)သည် ဆုကြေးစား ဘောလုံးအဖွဲ့ချုပ်(ပီအက်ဖ်အေ)က မဲဖြင့်ရွေးချယ်သည့် ၂၀၀၉ခုနှစ်အတွက် ပီအက်ဖ်အေ အကောင်းဆုံးဘောလုံးသမားဆုကို ဆွတ်ခူးသွားခဲ့သည်။



ဂစ်သည် မန်ယူအသင်း၌ ယခုရာသီတွင် ပရီမီယာလိဂ်ပွဲစဉ် ၁၂ပွဲကစားခဲ့ကာ တစ်ဂိုးသာသွင်းယူပေးခဲ့သော်လည်း မန်ယူအသင်းနှင့်အတူ ဆုကြေးစား ဘောလုံးသမားအဖြစ် ၁၈နှစ်တာကာလအတွင်း ပွဲပေါင်း၈၀၀ ပါဝင်ကစားပေးခဲ့သဖြင့် နောက်ဆုံးအဆင့်ဆန်ခါတင်ရွေးချယ်ခံရကာ အကောင်းဆုံး ပီအက်ဖ်အေ ဘောလုံးသမားဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ ဂစ်သည် ၁၉၉၁ခုနှစ် မတ် ၂ရက်က အိုးထရက်ဖို့ဒ်တွင် မန်ယူနှင့် အဲဗာတန်တို့ ယှဉ်ပြိုင်ကစားခဲ့သောပွဲစဉ်တွင် မန်ယူ၌ စတင်ပါဝင်ကစားခဲ့ခြင်း ဖြစ်သည်။

ဂစ်သည် မန်ယူကစားဖော် စီရိုနယ်ဒို၊ ဗီဒစ်၊ ဗန်ဒါဆာ၊ ဖာဒီနန်၊ လီဗာပူးမှ ဂျရတ်တို့နှင့်အတူ ဆန်ခါတင်ရွေးချယ် ဆုချီးမြှင့်ခံခဲ့ရခြင်းဖြစ်သည်။ အသက် ၃၅နှစ်ရှိ ဂစ်သည် ဖေဖော်ဝါရီလက ဝက်စ်ဟမ်းနှင့် ယှဉ်ပြိုင်ကစားခဲ့သော ပရီမီယာလိဂ်ပွဲစဉ်တွင် မန်ယူအတွက် တစ်ဂိုးသွင်းယူပေးခဲ့သည်။

အက်စ်တွန်ဗီလာ တောင်ပံကစားသမား အက်ရှ်လေယန်းသည် ပီအက်ဖ်အေက ချီးမြှင့်သည့် ယခုနှစ်၏ အကောင်းဆုံး လူငယ်ဘောလုံးသမားဆုကို ဆွတ်ခူးရရှိခဲ့သည်။

(အင်တာနက်)



## ဘိုင်ယန်မြူးနစ် နည်းပြအဖြစ်မှ ဂျာဂင်ကလင်းစမန်း ထုတ်ပယ်ခံရ

ဘာလင် ဧပြီ ၂၇

ဂျာမန်ဘွန်ဒက်စ်လီဂါမှဘိုင်ယန်မြူးနစ်အသင်းသည် နည်းပြဂျာဂင်ကလင်းစမန်း **(အပေါ်ပုံအလယ်)**အား နည်းပြအဖြစ်မှ ရပ်စဲလိုက်ပြီး ရာသီလက်ကျန်ပွဲ ငါးပွဲအတွက် ဂျပ်ဟေနက်ကက်စ်အား နည်းပြသစ်အဖြစ် တာဝန်ပေးလိုက်သည်။

**ပြိုင်ပွဲထွက်ခဲ့ရ**

ဘွန်ဒက်စ်လီဂါချန်ပီယံဘိုင်ယန်မြူးနစ်သည် ယခုနှစ်ဘောလုံးရာသီတစ်လျှောက်လုံး ချန်ပီယံခြေစွမ်းမပြနိုင်ဘဲ ဇယားထိပ်၌ ရပ်တည်နိုင်ခဲ့ခြင်းလည်း မရှိချေ။ ဘိုင်ယန်မြူးနစ်အသင်းသည် ချန်ပီယံလိဂ် ရှုံးထွက်အဆင့်တွင် ဘာစီလိုနာအား အကြီးအကျယ် ရှုံးနိမ့်ကာ ပြိုင်ပွဲမှထွက်ခဲ့ရသည်။

**နောက်ဆုံးပွဲစဉ်**

ကလင်းစမန်းသည် ပြီးခဲ့သည့်နှစ် ဇူလိုင်လကတည်းက ဘွန်ဒက်စ်လီဂါချန်ပီယံ သရဖူကို ကာကွယ်ရန် တာဝန်ယူခဲ့သည်။ သို့သော်လည်း ဧပြီ ၂၅ရက်က ဘိုင်ယန် အိမ်ကွင်း၌ ရှော့လ်ကေးအား တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့မှုသည် ဂျာမနီလက်ရွေးစင်ဟောင်း ကလင်းစမန်းအတွက် ဘိုင်ယန်အသင်းကို ကိုင်တွယ်ရသော နောက်ဆုံးပွဲစဉ် ဖြစ်ခဲ့သည်။

**နာတစ်ဖျား**

ဘိုင်ယန်သည် လက်ရှိအချိန်တွင် ဘွန်ဒက်စ်လီဂါ၌ ဗွီအက်ဖ်အယ်လ်ဝုလ်ဖ်ဘတ်ဂ်၏နောက်တွင် သုံးမှတ်အကွာဖြင့် တတိယနေရာ၌ ရပ်တည်နေသည်။ သို့သော်လည်း လာမည့်နှစ် ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်နိုင်ရန်အတွက် နေရာကို စတုဂတ်နှင့် ဟမ်းဘတ်တို့ထက် ဂိုးကွာခြားချက်အရသာ နာတစ်ဖျား အသာရနေခြင်း ဖြစ်သည်။ **(အင်တာနက်)**

## ချယ်လ်ဆီးအား ဘာစီလိုနာ အနိုင်မယူနိုင် ဂျူလီယာနိုဘယ်လက်တီ အခိုင်အမာပြောကြား

ဘာစီလိုနာ ဧပြီ ၂၇

ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲတွင် ချယ်လ်ဆီးအသင်းသာ အနိုင်ရရှိမည်ဟု ယုံကြည်ကြောင်း ချယ်လ်ဆီးအသင်းမှ ဘာစီလိုနာကြယ်ပွင့်ဟောင်း ဂျူလီယာနိုဘယ်လက်တီက ထုတ်ဖော် ပြောကြားခဲ့သည်။

**အခိုင်အမာပြောကြား**

စပိန်ထိပ်သီးအသင်း ဘာစီလိုနာသည် မိမိတို့ ချယ်လ်ဆီးအသင်းအား အနိုင်မရနိုင်ကြောင်း ဘာစီလိုနာ ရုပ်သံဌာနနှင့် ယင်းအသင်း၏ ဝက်ဘ်ဆိုက်တို့နှင့် တွေ့ဆုံမေးမြန်းခန်းတစ်ရပ်တွင် ဘယ်လက်တီက အခိုင်အမာ ပြောကြားခဲ့သည်။

**ဗိုလ်လုပွဲသို့ တက်ရောက်နိုင်**

ဘယ်လက်တီသည် ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ပထမအကျော့အဖြစ် ဘာစီလိုနာ၏ အိမ်ကွင်းနူးကမ့်၌ ယှဉ်ပြိုင်ကစားရမည့် ချယ်လ်ဆီးအသင်းတွင် ပါဝင်နိုင်ဖွယ် မရှိချေ။ သို့သော်လည်း ယင်းပြိုင်ပွဲတွင် ချယ်လ်ဆီးအသင်းသည် ဗိုလ်လုပွဲသို့ ထိုက်တန်စွာ တက်ရောက်နိုင်မည်ဖြစ်ကြောင်း ပြောကြားထားသည်။

**ကောင်းကောင်းရင်ဆိုင်နိုင်**

ချယ်လ်ဆီးအသင်းအနေဖြင့် ချန်ပီယံလိဂ်တွင် ယှဉ်ပြိုင်ရမည့် အသင်းများကို ကောင်းကောင်း ရင်ဆိုင်နိုင်ကြောင်း၊ ဘာစီလိုနာသည် ဥရောပမှ အသင်းကြီးများအား အနိုင်ယူနိုင်သကဲ့သို့ ချယ်လ်ဆီးအသင်းသည်လည်း ဂျူဗင်းတပ်စ်နှင့် လီဗာပူးတို့အား အနိုင်ယူနိုင်ကြောင်း၊ ထို့ကြောင့် ဥရောပတွင် ချန်ပီယံလိဂ်ဖလားကို သိမ်းပိုက်နိုင်သော ခြေစွမ်းရှိသည့် မည်သည့်အသင်းကို မဆို ချယ်လ်ဆီးအသင်းက ယှဉ်ပြိုင်နိုင်စွမ်းရှိကြောင်း ဘယ်လက်တီက ဆက်လက် ပြောကြားခဲ့သည်။



ချယ်လ်ဆီးအသင်းမှ ဂျူလီယာနိုဘယ်လက်တီ

(အင်တာနက်)

**စုစည်းရေးသားသူ - ချစ်စိုးနိုင်**

**စာမျက်နှာဖွဲ့စည်းမှု - ဟန်စိုး (မြန်မာ့အလင်း)**

## ဝီဂန်အပေါ်အောင်ပွဲခံခဲ့သည့် ကစားသမားများ၏ စိတ်ဓာတ် ဘလက်ဘန်းနည်းပြ ဆမ်အလာဒိုက်စ် ချီးကျူးပြောကြား



လန်ဒန် ဧပြီ ၂၇

ဘလက်ဘန်းမှ ဘင်နီမက်ကာသီနှင့် ရိုင်ယန်နယ်လ်ဆင်တို့၏ ဂိုးများကြောင့် ပြိုင်ဘက်ဝီဂန်အသင်းအား နှစ်ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး ဘလက်ဘန်းအသင်းအား ပရီမီယာလိဂ်တွင် ဆက်လက်ရှင်သန်ခွင့်ရစေရန် အလားအလာကောင်းသွားသည့်အတွက် ဘလက်ဘန်းအသင်း၏ အောင်ပွဲဝင်စိတ်ဓာတ်ကို ချီးကျူးကြောင်း နည်းပြ ဆမ်အလာဒိုက်စ် **(ဝဲပုံ)**က ပြောကြားခဲ့သည်။

မက်ကာသီသည် ယင်းပွဲစဉ်တွင် ပထမပိုင်း၌ တစ်ဂိုးသွင်းယူခဲ့ပြီး နယ်လ်ဆင်သည် ပရီမီယာလိဂ် ပွဲပေါင်း ၁၁၁ ပွဲ ပါဝင်ကစားခဲ့ရာတွင် ပထမဦးဆုံးဂိုးအဖြစ် ခေါင်းတိုက်သွင်းယူခဲ့သည်။ ထို့ကြောင့် ဘလက်ဘန်းအသင်းသည် ဝီဂန်နှင့်ပွဲတွင် အခွင့်အရေးကို အမိအရဆုပ်ကိုင်နိုင်ခဲ့ပြီး ဟူးလ်စီးတီးနှင့် ဆန်းဒါးလန်းတို့ကို ဖြတ်ကျော်တက်ကာ ပရီမီယာလိဂ်ဇယားတွင် အဆင့်(၁၅)နေရာ၌ ရပ်တည်နိုင်ခဲ့သည်။ မိမိတို့အသင်းသည် လုပ်သင့်လုပ်ထိုက်သောအလုပ်ကို လုပ်နိုင်ခဲ့ပြီး ယုံကြည်မှုပြည့်ဝလာပြီဖြစ်ကြောင်း၊ ယင်းနိုင်ပွဲသည် အခွင့်အရေးနှင့် ရည်မှန်းချက်ကို ပြိုင်ဘက်ထံမှ တန်ဖိုးရှိစွာရယူနိုင်ခဲ့သည့် ကြီးကျယ်သော အောင်ပွဲဖြစ်ကြောင်း၊ ထို့အပြင် အခါအားလျော်စွာ သူရဲကောင်းဆန်သော ခံစစ်ကစားမှုသည်လည်း လိုအပ်သည်ကိုတွေ့ရှိခဲ့ရကြောင်း ဆမ်အလာဒိုက်စ်က ပြောကြားခဲ့သည်။ မက်ကာသီသည် သေသပ်လှပသော အလွတ်တည်ကန်ဘောဖြင့် ဂိုးရရှိအောင် ဖန်တီးနိုင်ခဲ့ပြီး နယ်လ်ဆင်သည်လည်း အသင်းအတွက် သူ၏ သမိုင်းဝင်ဂိုးကို သွင်းယူနိုင်ခဲ့သည့်အတွက် ဘလက်ဘန်းအသင်းအနေဖြင့် တန်းဆင်းဇုန်နားမှ လွတ်မြောက်ခဲ့ခြင်းဖြစ်သည်။

**(အင်တာနက်)**

## ရီးရဲမက်ဒရစ်နည်းပြ ဂျူအန်ဒီရာမို့စ် ဘာစီလိုနာနှင့် အမှတ်ကွာဟမှု လျှော့ချနိုင်ခဲ့



မက်ဒရစ် ဧပြီ ၂၇

စပိန်လာလီဂါတွင် နိုင်ပွဲများရရှိကာ ဇယားထိပ်တွင်ရပ်တည်နေသော ဘာစီလိုနာနှင့် အမှတ်ကွာဟမှုကို လျှော့ချနိုင်သည့်အတွက် ကျေနပ်မိကြောင်း ရီးရဲမက်ဒရစ် နည်းပြ ဂျူအန်ဒီရာမို့စ် **(ယာပုံ)**က ဝန်ခံပြောကြားခဲ့သည်။

ရီးရဲမက်ဒရစ်အသင်း၏ ပြိုင်ဘက် ဆီဗီလာအသင်းအပေါ် လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့မှုသည် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလက ရီးရဲမက်ဒရစ်အသင်းအား လွှဲပြောင်းတာဝန်ယူခဲ့သည့် ရာမို့စ်၏လက်ထက်တွင် လာလီဂါပွဲစဉ် ၁၉ပွဲ ကစားရာတွင် ၁၇ပွဲ အနိုင်ရရှိခဲ့ခြင်းပင် ဖြစ်သည်။ ထို့ကြောင့် ရီးရဲမက်ဒရစ်တို့ လာလီဂါဇယားထိပ်ပိုင်းတွင် ရပ်တည်နေခဲ့သည်။ ရီးရဲမက်ဒရစ်အသင်းသည် ယခုသီတင်းပတ်အကုန်၌ အိမ်ကွင်းဘာနေဗျူးတွင် အသင်းငယ်လေးဖြစ်သည့် ကာတာလန်အသင်းနှင့် ယှဉ်ပြိုင်ကစားရန်ရှိနေရာ ဘာစီလိုနာအား ဆက်လက်ဖိအားပေးနိုင်ရန် အခွင့်ကောင်းတစ်ရပ်ကို လက်ဝယ်ရရှိထားသည်။

**(အင်တာနက်)**

## ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ မလေးရှားနိုင်ငံသို့ထွက်ခွာ

နေပြည်တော် ဧပြီ ၂၇

ဒုတိယရှေ့နေချုပ်ဒေါက်တာထွန်းရှင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည်မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဧပြီ ၂၆ ရက်မှ ၂၈ ရက်အထိ ကျင်းပမည့် 1st AIPA Caucus အစည်းအဝေးသို့ တက်ရောက်ရန် ဧပြီ ၂၅ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်လေဆိပ်မှ ထွက်ခွာသွားကြသည်။

**လိုက်ပါသွား**

အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့တွင်အဖွဲ့ဝင်အဖြစ်တရားရုံးချုပ် ညွှန်ကြားရေးမှူးချုပ် ဦးမြသိန်းလည်း လိုက်ပါသွားကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**


မြန်ပြည်တစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်


## စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

သုံးဆယ်မြို့၊ စံရွှေတန်းရပ်ကွက်၊ အရှေ့လမ်းသစ်တန်းလမ်းနေ ဦးတင်ဦး-ဒေါ်ကြည်ကြည်တင် (အမှတ်-၁ ရွှေဆိုင်နှင့် ဇောတိကသက်န်း ပရိက္ခရာဆိုင်၊ သုံးဆယ်မြို့)တို့၏တူသား၊ ဦးအောင်မင်း-ဒေါ်မာလာဝင်း (ဇောတိကသက်န်းပရိက္ခရာဆိုင်၊ လက်ပံတန်းမြို့)တို့၏သားကြီး

**မောင်အောင်ဘိုဘိုဝင်း**

**B.Sc, Engineering (Electronics)**

**Diploma in Electronics (YTU)**

**နှင့်**

သုံးဆယ်မြို့၊ စံရွှေတန်းရပ်ကွက်၊ အရှေ့လမ်းသစ်တန်းလမ်းနေ ဦးခင်မောင်သွင်-ဒေါ်မြမြစမ်း (မြတ်ဆုမွန်ရွှေဆိုင်နှင့် သမ္မတသက်န်း ပရိက္ခရာဆိုင်၊ သုံးဆယ်မြို့)တို့၏သမီးကြီး

**မသူဇာသွင်**

**B.Sc (Physics)**

တို့၏ ၅-၄-၂၀၀၉ ရက် (တနင်္ဂနွေနေ့) တွင် သုံးဆယ်မြို့ မင်္ဂလာနေအိမ်၌ ကျင်းပသောလက်မှတ်ရေးထိုးပွဲ၊ ၆-၄-၂၀၀၉ရက် (တနင်္လာနေ့) တွင် သုံးဆယ်မြို့ ရတနာဝင်းမင်္ဂလာခန်းမ၌ ကျင်းပပြီးစီးခဲ့သော စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာညှော်ခံပွဲ အခမ်းအနားနှင့် မင်္ဂလာညစာစားပွဲ အခမ်းအနားများသို့ ကြွရောက်ချီးမြှင့်ပေးပါသော နှစ်ဖက်သောမိဘဆွေမျိုးများ၊ ဂုဏ်သရေရှိ လူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာပန်းကုံး ချီးမြှင့်ပေးပါသော ဦးကျော်ခိုင်စိုး (ဥက္ကဋ္ဌ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ သာယာဝတီခရိုင်)နှင့် ဇနီးဒေါ်မေသက်ခိုင်၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော ဦးအောင်စိုးမိုး (ဥက္ကဋ္ဌ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ သာယာဝတီမြို့နယ်)နှင့် ဇနီး ဒေါ်စုစုထွန်း၊ စုလျားရစ်ပတ်ပေးပါသော သီဟသုဓမ္မ မဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ၊ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးသန်းနိုင် (သမ္မတနိဗ္ဗာန်ကုန်နှင့် သက်န်းတိုက်)နှင့်ဇနီး သီဟသုဓမ္မသိင်္ဂီ၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဒေါ်ကြည်ကြည်ဆွေအားလည်းကောင်း၊ လက်မှတ်ရေးထိုးပေးပါသော ခရိုင်တရားသူကြီး ဒေါ်သန်းသန်းမြတ်၊ မင်္ဂလာဘိသိက်အကျိုးတော်ဆောင်အဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာ ညစာစားပွဲတွင် မေတ္တာဖြင့်အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော သရုပ်ဆောင်ဇေယျာ၊ မင်္ဂလာအခါတော်ပေး တေးသံရှင်စိမ်းမိုမို၊ Cupid တေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ မင်္ဂလာပန်းကြဲပေးသော မဆုမွန်သွင်၊ မင်္ဂလာပန်းကုံးကိုင်ဆောင်ပေးသော မယမင်းစိုး၊ မင်္ဂလာလက်စွပ်ကိုင်ဆောင်ပေးသော မပြည့်ဖြိုးသွင်၊ သတို့သားအရံများဖြစ်ကြသော မောင်စိုင်းမြတ်သူနှင့် မောင်သက်မောင်မောင်၊ သတို့သမီးအရံများဖြစ်ကြသော မဇင်သူအောင်နှင့် မခင်သီတာစံတို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံဒီဇိုင်နာပြည်စိုးအောင်၊ မင်္ဂလာညစာစားပွဲဝတ်စုံနှင့် အရန်ဝတ်စုံ မပုံ့(My Favourite)၊ မိတ်ကပ်ဆံပင် ခင်စန်းဝင်းနှင့်အဖွဲ့၊ ပန်းအလှပြင် ခင်မောင်ဝင်းနှင့်အဖွဲ့၊ ဓာတ်ပုံ/ဗီဒီယို စိုင်းဘုန်းထူးနှင့်အဖွဲ့၊ DJ နွေဦး၊ မိုးဒစ်စကိုလိုက်၊ မင်္ဂလာညှော်ခံပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကူညီပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများ အားလုံးတို့ကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်အောင်ဘိုဘိုဝင်း-မသူဇာသွင်။**

## လက်ထပ်ပြီးစီးခြင်း

ရန်ကုန်တိုင်း၊ လှည်းကူးမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ အရှေ့မင်းလမ်းမ၊ အိမ်အမှတ်၅နေ ဦးစိုးမြင့်(တပ်မတော်-လေ၊ ငြိမ်း)-ဒေါ်သန်းမြင့်(ကျန်းမာရေးဌာန၊ ငြိမ်း) ကြွယ်ဝဆေးဆိုင် တို့၏သားကြီး

**မောင်ဇင်ဦး** A.G.T.I-Civil (Pyay)

B.Sc(Maths)

(Kwan Yong Construction Pte.,Ltd. Singapore)

**နှင့်**

ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့၊ အိုးတန်းရပ်ကွက်၊ မြသီတာ ၁လမ်း၊ အိမ်အမှတ် ၁၉နေ ဦးကြီးမောင်-ဒေါ်ခင်ကြိုင်တို့၏သမီးထွေး

**မကြည်ကြည်မွန်** B.E-Civil G.T.C., (Pyay)

(VSL. Singapore Pte.,Ltd.)

တို့သည် နှစ်ဖက်သော မိဘများ၏သဘောတူညီချက်အရ ၁၉-၄-၂၀၀၉ရက်၌ စင်ကာပူနိုင်ငံ Registries of Marriages တွင် လက်မှတ်ရေးထိုး လက်ထပ်ထိမ်းမြား ပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ဇင်ဦး-မကြည်ကြည်မွန်။**

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ပြည်မြို့၊ ဆင်ကမ္ဘာပွဲရုံနေ

(ဦးကျော်ခင်-ဒေါ်ပုလေး)တို့၏မြေး၊

ဦးမြသွေး(ပြည်အောင်ဇော်မိုး)

[ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့၊ပြည်မြို့နယ်]-ဒေါ်မြတ်မြတ်ကျော်တို့၏သားကြီး

**ဗိုလ်ကြီးအောင်ကို**

**B.Sc (D.S.A) [တပ်မတော်-လေ]**

**နှင့်**

ပြည်မြို့၊ ကျောင်းကြီးအိုးတန်းရပ်၊ လမ်းမတော်၊ အမှတ် ၈၂ နေ

ဦးမောင်မောင်-သီရိသုဓမ္မသိင်္ဂီဒေါ်လှမြိုင်

(စိန်ရတနာဆေးဆိုင်၊ မျိုးသုခအထူးကုဆေးကုခန်း)တို့၏

တစ်ဦးတည်းသောသမီး

**မမေသီရိခင်(ခ)မေလေး**

**2nd Year (Physics)**

တို့သည် ၂၄-၄-၂၀၀၉ရက်တွင် နှစ်ဖက်သောမိဘများနှင့် ဆွေမျိုးများ၊

ဂုဏ်သရေရှိလူကြီးမင်းများ၏ရှေ့မှောက်တွင်

စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်ကြီးအောင်ကို-မမေသီရိခင်။**

## မှတ်သားဖွယ်ရာမိုးရေချိန်

(၂၇-၄-၂၀၀၉)

| | |
|---|---|
| နေပြည်တော် | ၀ ဒသမ ၁၅လက်မ |
| မှော်ဘီ | ၁ ဒသမ ၇၀လက်မ |
| သာယာဝတီ | ၁ ဒသမ ၆၁လက်မ |
| ရေး | ၁ ဒသမ ၀၃လက်မ |

## ထူးခြားသည့်နေ့အပူချိန်

(၂၇-၄-၂၀၀၉)

| | | |
|---|---|---|
| မုံရွာ | ၄၄ | ဒီဂရီစင်တီဂရိတ် |
| ပခုက္ကူ | ၄၄ | ဒီဂရီစင်တီဂရိတ် |
| မန္တလေး | ၄၂ | ဒီဂရီစင်တီဂရိတ် |
| ချောက် | ၄၂ | ဒီဂရီစင်တီဂရိတ် |
| ညောင်ဦး | ၄၂ | ဒီဂရီစင်တီဂရိတ် |

## ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့်ကရင်ပြည်နယ်တို့၌ ဘိန်းစိမ်းနှင့်စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဧပြီ ၂၇

**ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကွန်ဟိန်း စခန်းမှူးနှင့်အဖွဲ့သည် ဧပြီ ၂၂ ရက် မွန်းလွဲ ၁ နာရီခွဲခန့်တွင် ကွန်ဟိန်းမြို့ ရပ်ကွက်(၃)နေ စိုင်းစန္ဒာ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းစိမ်း ၂ ဒသမ ၁၂၂၈၁ ကီလိုဂရမ် သိမ်းဆည်းရမိခဲ့သဖြင့် စိုင်းစန္ဒာအား အရေးယူထားပြီး ကွင်းဆက်တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**

**သိမ်းဆည်းရမိ**

ထို့အတူ ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မူးယစ်အထူးအဖွဲ့မှ တာဝန်ရှိသူများသည် ဧပြီ ၂၂ ရက် မွန်းလွဲ ၂ နာရီခန့်တွင် မူဆယ်မြို့ ကောင်းမူလွယ်ရပ်ကွက်နေ လျူချိန်မင်း(ခ)ကျော်မင်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ လျူချိန်မင်းအား မတွေ့ရှိဘဲ အိမ်စောင့်ဖြစ်သူ တုန်ရင်စန့်အား တွေ့ရှိရပြီး ယင်းနေအိမ်ဂိုဒေါင်ထဲမှ ပဲနို့မှုန့်ထဲတွင် မက်သာဖက်တမင်း အလေးချိန် ၅၆ ကီလိုဂရမ် သိမ်းဆည်းရမိခဲ့ကြောင်း၊ တုန်ရင်စန့်အား ဖမ်းဆီးစစ်ဆေးလျက်ရှိပြီး တရားခံ လျူချိန်မင်း(ခ) ကျော်မင်းနှင့် ကွင်းဆက်တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အမှုဖွင့်အရေးယူ**

အလားတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမူးယစ်အထူးအဖွဲ့မှ တာဝန်ရှိသူများသည် ဧပြီ ၂၃ရက် မွန်းလွဲ ၂နာရီ ၄၅ မိနစ်ခန့်တွင် နောင်ချို ပူးပေါင်းစစ်ဆေးရေးစခန်း၌ ပန်ဆန်းမှ ဟိုပန်/ ဟိုရွက်သို့သွားရောက်မည့် ယာဉ်မောင်း ညီကား(ခ)အိုက်မွန်းမောင်းနှင်ပြီး အိုက်ထွန်း(ခ)ညီလိန်းနှင့် မရန်မိန်းတို့လိုက်ပါလာသော ယာဉ်အမှတ်၉က/ ၆၃၆၁ တိုယိုတာဒိုင်နာ အဖြူရောင်ယာဉ်အား ရှာဖွေရာ ယာဉ်ကြမ်းခင်းအောက် ဖရိန်တန်းနှစ်ခုကြား၌ အံဝှက်ဖြင့်ထည့်ထားသည့် မက်သာဖက်တမင်း(ICE)၁၄၄ထုပ် အလေးချိန် ၁၁၄ကီလိုဂရမ် သိမ်းဆည်းရမိခဲ့ကြောင်း၊ တရားခံများအား ဖမ်းဆီးစစ်ဆေးလျက်ရှိပြီး ကွင်းဆက်တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အမှုဖွင့်အရေးယူ**

ထို့အပြင် ကရင်ပြည်နယ် မြဝတီမူးယစ်မှ တာဝန်ရှိသူများသည် ဧပြီ ၂၄ရက် နံနက်၆နာရီခွဲတွင် မြဝတီမြို့ အမှတ်(၄)ရပ်ကွက် အာရှလမ်းရှိ ကျော်ကျော်(ခ)ကျော်ကျော်ထွန်း ဌားရမ်းနေထိုင်သည့် အခန်းအား ဝင်ရောက်ရှာဖွေရာ ကျော်ကျော်ထွန်း၏ ပိုက်ဆံအိတ်အတွင်းမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ် ဆေးပြားတစ်ပြား သိမ်းဆည်းရမိခဲ့ကြောင်း၊ ၄င်းအား စစ်ကြောချက်အရ မြဝတီမြို့ အမှတ်(၄)ရပ်ကွက် သုခမိန်လမ်း အိမ်အမှတ် ၃၃ နေ ဦးစိန်မြလင်းနှင့် ဒေါ်ထွေးကြည်တို့၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ အဆိုပါအိမ်တွင် မရိုဘီဆိုသူအား တွေ့ရှိရပြီး ၄င်းကိုင်ဆောင်ထားသော သားရေအိတ်အတွင်းမှ WY နှင့် R စာတန်းပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၈၃ပြားကိုလည်းကောင်း၊ အဆိုပါအိမ် အိပ်ခန်းအတွင်းရှိ မိန်းမကိုင်ပိုက်ဆံအိတ်နှစ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၈ပြားကိုလည်းကောင်း ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း၊ တရားခံကျော်ကျော်(ခ)ကျော်ကျော်ထွန်း၊ စိန်မြလင်း၊ မထွေးကြည်၊ မရိုဘီတို့လေးဦးအား အမှုဖွင့် အရေးယူထားပြီး ကွင်းဆက်တရားခံများ ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

၂၈-၄-၂၀၀၉ ရက်(အင်္ဂါနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ အကပြိုင်ပွဲ
၈:၀၅ ၆။ နှောင်းခေတ်တေးပဒေသာ
၈:၁၅ ၇။ လက်ဆင့်ကမ်းပေးဂီတတေး
၈:၃၀ ၈။ International News
၈:၄၅ ၉။ **စည်းကမ်းလိုက်နာဘေးကင်းကွာ**
ကျော်ရဲအောင်၊ ချစ်သူ၊ ဇော်ဝင်းမောင်၊ မော့စ်၊ လင်းဇာနည်ဇော်၊ ပွင့် ဒါရိုက်တာ-ခင်ဇော်၊မြင့်စိုး(ဝ/သ)
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၄:၁၀ ၂။ ကြေးမုံရိပ်သွင်တေးနုယဉ်
၄:၂၀ ၃။ **စက်မှုကုန်ကြမ်းသီးနှံရော်ဘာ** (အပိုင်း-၂)
၄:၃၀ ၄။ အတီးပြိုင်ပွဲ
၄:၄၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၄:၄၅ ၆။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၅:၀၅ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၂၀ ၈။ သဘာဝပတ်ဝန်းကျင်နှင့် ကြွပ်ကြွပ်အိတ်
၅:၃၀ ၉။ **စီးဆင်းပါစေမေတ္တာရည်**
မေကဗျာ၊ ဖူးဖူး (ဒါရိုက်တာ-ခင်ဇော်၊ ကုမုဒြာ)
၅:၄၅ ၁၀။ တေးဂီတအစီအစဉ်
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၃။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၅၀ ၁၄။ ဆိုလိုက်ကြစို့
၇:၁၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ
**နှဲ့ဆိုးဆိုးသူ ကိုယ့်ချစ်သူ**
(အပိုင်း-၂၉)(ဇာတ်သိမ်း)
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ
**ချစ်သူ့သံစဉ်**
(အပိုင်း-၁၁)

## မြန်မာနယူးစ်ဝိခ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

**ရန်ကုန် ဧပြီ ၂၇**

မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂) အမှတ်စဉ်(၇၄)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

ယနေ့ဖြန့်ချိလိုက်သည့် မြန်မာနယူးစ်ဝိခ်ဂျာနယ်တွင် မေလလယ်တွင် မီးမီးလေး မွေးဖွားပေးတော့မည့် အကယ်ဒမီနန္ဒာလှိုင်၊ မလေးရှားသွားရတဲ့ဒုက္ခ၊ ဒေါက်တာအောင်ခင်ဆင့်၏ ဝမ်းပျက် ဝမ်းလျှောရောဂါ၊ ပွဲစား၏ ခေါင်းရှောင်မှုကြောင့် မြန်မာနိုင်ငံသားအချို့ မလေးရှားတွင် သောင်တင်၊ ရှီကာကီမှုများကို ပြည်ပတင်ပို့ရန်စီစဉ်၊ ထိုင်း၊ မြန်မာ၊ နီပေါနှင့် အိန္ဒိယနိုင်ငံတို့မှ ပန်းပုပညာရှင် ၃၀ ကျော်တို့ ထုဆစ်ထားသောကမ္ဘာ့အကြီးဆုံး ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗီယက်နမ်၌ကိန်းဝပ်စံပယ်တော်မူလျက်ရှိ၊ ဈေးကွက်များအတွင်း၌ အချိုရည်များဆိုးဆေးပါ၊ မပါ စစ်ဆေးထုတ်ပြန်သင့်၊ ဆရာဇင်ယော်နီ ရင်ဖွင့်ပြီ၊ ဝက်တုပ်ကွေးဖြစ်ပွားမှုကြောင့် WHO နှင့် အမေရိကန်တို့က သတိပေးချက်များထုတ်ပြန်၊ မက္ကဆီကိုတွင် ဝက်တုပ်ကွေးကြောင့် လူပေါင်း ၈၁ ဦး သေဆုံးမှုရှိခဲ့၊ လေးထောင့်ကန်လမ်းရှိ မြေကွက်တွင် ပါရမီတက္ကစီ စီးရေ ၂၀၀ ဂိတ်ထိုးပြေးဆွဲမည်၊ မုန်တိုင်းတွေ အားပြင်းလာမှုသည် သမုဒ္ဒရာ ပူနွေးလာခြင်းနှင့်ဆိုင်၊ အာရှမှ ဗေဒင်ဆရာများ ဇွန်လတွင် နီပေါ၌ စည်းဝေးရန်ရှိ၊ တောင်ဒဂုံအေးရှားဝင်းနားကုမ္ပဏီပိုင် ဂိုဒေါင်မီးလောင်မှု အာမခံလျော်ကြေး ခံစားရမည်၊ အာရှဒေသဖြတ်ကျော်မီးရထားလမ်း TAR အတွက် တရုတ်ထံမှ အကူအညီရရန် ဘင်္ဂလားဒေ့ရှ်ကြိုးပမ်း၊ မြန်မာနိုင်ငံမှ မတ်ပဲနှင့် ပဲစင်းငုံ တန်ချိန် ၃၇၀၀၀ ကျော်ကို အိန္ဒိယဝယ်မည်၊ စစ်ကိုင်းတိုင်းတွင် တစ်လက်မ အရွယ် မိုးသီးများကြွေကျ၊ ကောက်ဘဇားမြို့အနီးတွင် လူသုံးဦး ဆင်ရိုင်းများကြောင့် သေဆုံး၊ FEC နှင့်ရောင်းရသော ပန်းချီကားများ ၂၀ ရာခိုင်နှုန်း အခွန်ဆောင်ရမည်၊ ကြော်ငြာဘုတ်များ လေလံစနစ်သို့ပြောင်းလဲလိုက်သဖြင့် ကြော်ငြာကုမ္ပဏီများ အကျပ်ရိုက်၊ အိမ်ဖြူတော်အနီးသို့ လေယာဉ်တစ်စင်း ဝင်ရောက်လာသောကြောင့် အိမ်ဖြူတော်လုံခြုံရေးများ လှုပ်လှုပ်ရှားရှားဖြစ်သွား F-16 လေယာဉ်မှကာကွယ်ပေးရပြီး အိုဘားမားကို နေရာရွှေ့ပေးခဲ့၊ ဖြစ်လာနိုင်သည့် စစ်ပွဲအတွက် အစုရေးစစ်တပ် ပြင်ဆင်လေ့ကျင့်ရန်ရှိ၊ ရန်သူများအား ရင်ဆိုင်ရန် ပြင်ဆင်ထားပြီဖြစ်ကြောင်း မြောက်ကိုရီးယား ပြောကြား၊ အမေရိကန်ပြည်ထောင်စု၏ နျူကလီးယားဒုံးပျံများအတွက် ရှရှားပစ်မှတ် ၁၂ ခု၊ ရန်သူများအားရင်ဆိုင်ရန် အီရန်တော်လှန်ရေး အစောင့်တပ်များ အရှေ့ပိုင်းနယ်စပ်ဒေသသို့ ပြောင်းရွှေ့နေရာချ ထားစသည့် နောက်ဆုံးရ ပြည်တွင်းပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေဖြန့်ချိလျက်ရှိသည်ဟု သိရသည်။ **(သတင်းစဉ်)**

# စီမံကိန်းရည်မှန်းချက်နှင့် လယ်ယာကဏ္ဍ တိုးတက်မြင့်မားရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြင်ဦးလွင်၌ ကျင်းပ

ပြင်ဦးလွင် ဧပြီ ၁၉

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် ၂၀၀၈-၂၀၀၉ခုနှစ် စီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော် ညှိနှိုင်းမှုနှင့် လယ်ယာကဏ္ဍ တိုးတက်မြင့်မားရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၅ရက် နံနက် ၉နာရီက ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### မြင့်မားရေး

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းလွင်က စီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော်ရေးနှင့် လယ်ယာကဏ္ဍ တိုးတက်မြင့်မားရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

### အကြံပြု

ထို့နောက် ခရိုင်အတွင်းရေးမှူး ဦးအောင်သီထွန်းက လယ်ယာကဏ္ဍနှင့် လုပ်ငန်းကိစ္စအဝဝ ကြိုးစားဆောင်ရွက်လုပ်ကိုင်ကြရန် ဆွေးနွေးတင်ပြပြီး ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးညွန့်ဆွေက စိုက်ပျိုးရေးနှင့် နည်းပညာ အရပ်ရပ်ကို ဆွေးနွေးပြီး ခရိုင်မြေစာရင်းဦးစီးမှူး ဦးသိန်းဦးက မြေအနေအထားနှင့် စိုက်ပျိုးရေးသီးနှံ ကိန်းဂဏန်း မှန်ကန်စွာရရှိရေး အကြံပြုဆွေးနွေးကြသည်။

### အသေးစိတ်တင်ပြ

ဆက်လက်ပြီး ပြင်ဦးလွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးလွင်က မြို့နယ်အတွင်း စိုက်ပျိုးရေး ဆိုင်ရာများနှင့် လုပ်ငန်းအားလုံးတို့ကို အသေးစိတ်တင်ပြ ဆွေးနွေးသည်။ **(အောက်ပုံ)** (၀၈၈)





ဒီမောဆိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ရေပေးရေးအတွက် ဆောင်ရွက်သော ဂါလန် ၂၅၀၀ဆံ့ အုတ်ရေကန်ကို ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းဟန် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်စိုးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

## အမြို့မြို့ အနယ်နယ် သတင်းများ



တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး ဧပြီ ၂ရက်က ကော့သောင်းမြို့ မြို့မဈေး မီးဘေးလုံခြုံရေးအတွက် မီးသတ်ဆေးဘူးများ တပ်ဆင်ထားရှိမှုနှင့် လုံခြုံရေးမီးများ စနစ်တကျထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် ဈေးတာဝန်ခံတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

# သတင်းစုဆောင်း ရေးသားပေးပို့ ခြင်းဆိုင်ရာ လုပ်ငန်းကျွမ်းကျင်ရေးဆွေးနွေးပွဲ မြင်းမူ၌ ကျင်းပ

မြင်းမူ ဧပြီ ၂၀

မြင်းမူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်နိုင်စိုးသည် မြို့နယ်ရုံးဝန်ထမ်းများအား သတင်းစုဆောင်း ရေးသားပေးပို့ခြင်းဆိုင်ရာ လုပ်ငန်းများ ကျွမ်းကျင်စေရေး အလုပ်ရုံဆွေးနွေးပွဲကို ဧပြီ ၁ရက် မွန်းလွဲ ၁နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

### ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူးက ၂၀၀၉-၂၀၁၀ခုနှစ် ရည်မှန်းချက်တာဝန်များ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် သတင်းစုဆောင်းရေးသားခြင်းနှင့် ပေးပို့ခြင်းဆိုင်ရာလုပ်ငန်းများ ထိရောက်အောင်မြင်ရေးတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းရေးသားခြင်းလုပ်ငန်းကို လက်တွေ့ဆောင်ရွက်စေပြီး ဝန်ထမ်းများ၏ ရေးသားချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)



ပေါင်းတည်မြို့ ဘိုးဘွားရိပ်သာ၏ စေတနာ(အခမဲ့)ဆေးကုခန်း ငွေပဒေသာပင် စိုက်ထူရန်အတွက် ပေါင်းတည်မြို့နယ် စေတနာနာရေးကူညီမှုအသင်း ဥက္ကဋ္ဌ ဦးသိန်းအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးဉာဏ်မြင့်နှင့်အဖွဲ့ဝင်များက အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ စေတနာ(အခမဲ့)ဆေးကုခန်း အတွင်းရေးမှူး ဦးလှဖေ၊ ဘဏ္ဍာရေးမှူး ဦးဝင်းရွှေနှင့် အဖွဲ့ဝင်များ လက်ခံယူစဉ်။ (၀၆၁)

# မိုးကောင်း၌ လေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်

မိုးကောင်း ဧပြီ ၂၀

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်တွင် ဧပြီ ၁ရက်က လေပြင်းတိုက်ခတ်မှုကြောင့် လွဲလောနှင့်ကြာအင်းကျေးရွာအုပ်စုတို့မှ အိမ်ခြေအလုံး ၄၀ ပြိုလဲ ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် လေဘေးသင့်ပြည်သူများအတွက် မြို့နယ်ကြက်ခြေနီအသင်းမှ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၉ရက် နံနက် ၁၀နာရီက ကြာအင်းကျေးရွာအုပ်စု အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ မြို့နယ်ကြက်ခြေနီသူနာပြု တပ်ရင်းမှူး ဒုတိယရဲမှူးတင်ငွေက အမှာစကားပြောကြားပြီး မြို့နယ်ကြက်ခြေနီအသင်း တွဲဖက်အတွင်းရေးမှူး ဦးမြင့်အောင်က ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် လေဘေးသင့်အိမ်ထောင်စု ၄၀အတွက် ကယ်ဆယ်ရေးပစ္စည်းများကို မြို့နယ်ကြက်ခြေနီသူနာပြုတပ်ရင်းမှူး ဒုတိယရဲမှူးတင်ငွေ၊ မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးလင်းနှင့် တာဝန်ရှိသူများက ပေးအပ်ကြသည်။ **(၀၀၁)**



ဖြူးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် ဦးဟန်စိန်(ရွှေဖြူးစောလွမ်းနိုင်) အဖွဲ့ဝင်အမှတ်(၇၁၆၅) ကွယ်လွန်သဖြင့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဗဟိုမှ နာမကျန်းနှင့် နာရေးထောက်ပံ့ငွေကျပ် ၄၀၀၀၀ကို ဖြူးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦးနှင့်အဖွဲ့က ဖေဖော်ဝါရီ ၂၈ရက်တွင် ကျန်ရစ်သူဇနီး ဒေါ်ခင်မွေးနှင့်မိသားစုထံ ပေးအပ်စဉ်။ (၀၅၁)

# ရွှေကူမြို့နယ်စည်ပင် မင်းရဲကျော်စွာလမ်း ကတ္တရာလမ်းခင်း

ရွှေကူ ဧပြီ ၁၀

ရွှေကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးသော မင်းရဲကျော်စွာလမ်း ကတ္တရာခင်းခြင်း အလျား ပေ ၁၁၀၀ ၊ အကျယ် ၁၂ ပေကို မတ်၃၀ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးအေးချိုနှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှု စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်အောင်နီနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းနိုင်တို့က ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ညောင်ရွှေမြို့ ဖောင်တော်ပြန်လမ်း ကတ္တရာ ထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းကို ဧပြီ ၂၀ရက်က ရှမ်းပြည်နယ် (တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ ကြည့်ရှု စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးလင်းထွဋ်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) တို့က ရှင်းလင်းတင်ပြစဉ်။(မြို့နယ်စည်ပင်)



# ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေး နှိုးဆော်ချက်

ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ကာလဝမ်းရောဂါအပါအဝင် ဝမ်းနှင့်ပတ်သက်သောရောဂါများသည် ရောဂါပိုးများပါဝင်သည့် ရေ၊ အစားအသောက်တို့ကို စားသောက်မိရာမှ ကူးစက်ပြန့်ပွားပါသည်။

**ရေနှင့်အစားအသောက်များအတွင်းသို့ ရောဂါပိုးများသည် အောက်ပါအကြောင်းများကြောင့် ရောက်ရှိပါသည်-**

(က) မသန့်ရှင်းသည့် လက်၊အိုး၊ ခွက်၊ ပန်းကန်တို့ဖြင့် အစားအစာများ ချက်ပြုတ်ပြင်ဆင်ခြင်း၊ စားသောက်ခြင်း။

(ခ) အစားအသောက်များသို့ ယင်အုံ၊ ယင်နားခြင်း။

(ဂ) မိုးရွာသောအခါများတွင် သောက်သုံးရေတွင်း၊ ရေကန်များအတွင်းသို့ မသန့်ရှင်းသောရေနှင့် အမှိုက်သရိုက်များ စီးဝင်ခြင်း။

(ဃ) သောက်သုံးရေတွင်း၊ ရေကန်များသည် အိမ်သာနှင့်နီးကပ်စွာတည်ရှိခြင်း၊ အိမ်သာထက်နိမ့်သောနေရာများတွင် ရှိခြင်း။

**သို့ပါ၍ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန်-**

➢ ရေကို ကျိုချက်၍သောက်ပါ။
➢ ယင်နားစာများ မစားပါနှင့်။
➢ ယင်လုံအိမ်သာ အသုံးပြုပါ။
➢ အစားမစားမီနှင့် အိမ်သာမှအဆင်းတွင် လက်နှစ်ဖက်လုံးကို ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောပါ။
➢ တစ်ကိုယ်ရေသန့်ရှင်းရေးကို အလေးထားဆောင်ရွက်ပါ။
➢ အမှိုက်သရိုက်များကို စနစ်တကျစွန့်ပစ်ပါ။

ဝမ်းပျက်ဝမ်းလျှော ရောဂါဖြစ်ပွားပါက နီးစပ်ရာကျန်းမာရေးဌာနသို့ သတင်းပို့၍ ကုသမှုခံယူကြပါရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# နိုင်ငံတော်၏ ကျန်းမာရေးရည်မှန်းချက်သည် နိုင်ငံသားတိုင်း ရောဂါကင်းပြီး သက်တမ်းစေ့နေနိုင်ရေးဖြစ်

## ရည်မှန်းချက်အောင်မြင်ရေး ကျေးလက်ဒေသအထိ ကွင်းဆင်း၍ ပြည်သူများအား ကျန်းမာရေးအသိပညာပေး ရောဂါကြိုတင်ကာကွယ်နည်းများ သင်ကြားရေးနှင့် ဆေးဝါးကုသရေး စီမံချက်ဖြင့် စနစ်တကျဆောင်ရွက်





နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကျိုင်းတုံမြို့နယ် ကပ်ဖကျေးရွာအုပ်စု နောင်ကုမ်ကျေးရွာအနီးရှိ တောင်သူ ဦးကျမော့၏ ဘက်စုံလယ်ယာစိုက်ပျိုးမွေးမြူရေးခြံတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

**ကျောင်းသား ကျောင်းသူများအား အတတ်ပညာ သင်ကြားပေးသည့်နည်းတူ စည်းကမ်းရှိသူ၊ အကျင့်စာရိတ္တ ကောင်းသူ၊ တရားဥပဒေများကို လေးစားလိုက်နာသူ၊ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်သူများဖြစ်ရေး ငယ်စဉ်ကပင် သင်ကြားလေ့ကျင့်ပေး။**

နေပြည်တော် ဧပြီ ၂၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် ဧပြီ ၂၆ရက် နံနက် ၁၀နာရီ ၁၅မိနစ်တွင် မော်တော်ယာဉ်များဖြင့် ကျိုင်းတုံမြို့နယ် ကပ်ဖကျေးရွာအုပ်စု နောင်ကုမ်ကျေးရွာအနီးရှိ တောင်သူ ဦးကျမော့၏ ဘက်စုံလယ်ယာစိုက်ပျိုးမွေးမြူရေးခြံသို့ ရောက်ရှိသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❐

# ပြည်ထောင်စုကြီးဖွံ့ဖြိုးရေး အထောက်အကူပြုနေသည့် ချင်းတွင်းတံတား(မုံရွာ)



သတင်းမှတ်စု
နုနုရီ နှင့် အေးသန္တာသိန်း
ဓာတ်ပုံမှတ်တမ်း
မြန်မာ့အလင်း
စာမျက်နှာဖွဲ့စည်းမှု
တိုးလွင် (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၂၇

နိုင်ငံတော်အစိုးရသည် မဖွံ့ဖြိုးမတိုးတက်သေးသော ပြည်နယ်နှင့်တိုင်းများ ဖွံ့ဖြိုးလာစေရန်၊ ဒေသတစ်ခုနှင့်တစ်ခုအကြား စီးပွားရေးကွာဟနေမှု၊ လူမှုရေး ကွာဟနေမှုများ လျော့နည်း ကျဆင်းစေရန် အထောက်အကူပြုသွားမည့် လမ်းများ၊ တံတားများကို နိုင်ငံတော်တစ်နံတစ်လျား၌ တည်ဆောက်ဖြည့်ဆည်းပေးထားသည်။

**၁၀ စင်းမြောက်**

ထိုသို့တည်ဆောက်ပေးခဲ့သည့် တံတားများအနက် ချင်းတွင်းတံတား(မုံရွာ)သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ အဆိုပါတံတားကို ၂၀၀၃ခုနှစ် ဧပြီ ၇ရက်က ဖွင့်လှစ်ပေးခဲ့ရာ စစ်ကိုင်းတိုင်းအတွင်း ၁၉၈၈ခုနှစ်နောက်ပိုင်း ဖွင့်လှစ်ခဲ့သည့် ပေ ၁၈၀ အထက် တံတားများအနက် ၁၀စင်းမြောက် တံတားဖြစ်သည်။

*စာမျက်နှာ ၆ ကော်လံ ၁* ●

28-4 (20).pmd 1 4/28/2009, 3:23 AM